Inya Economics

# Economic Readings in Burmese Language

EEP

ERBL. Volume (1). Issue (4). November 2025
ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)၊ အတွဲ (၁) ၊ စာစဉ် (၄) နိုဝင်ဘာ၊ ၂၀၂၅

## မာတိကာ                                        စာမျက်နှာ

၁။ ဥယျောဇဉ် ........ ၁
၂။ တုံ့ဆိုင်းရပ်တန့်နေခြင်းမှသည် တဟုန်ထိုးတိုးတက်လာခြင်း (ကိုညာဏ) ........ ၃
၃။ ကျွန်တော်တို့ ဒီနေရာကို ဘယ်လိုရောက်လာခဲ့ကြသလဲ၊ အရင်းရှင်စနစ်ရဲ့သမိုင်းအကျဉ်းချုပ် (ထွန်းနောင်) ........ ၁၄

ဤစာစဉ်တွင် ဖော်ပြသည့် ပညာရပ်ဆိုင်ရာအမြင်နှင့် သုံးသပ်ချက်များသည် စာရေးသူ၊ ဘာသာပြန်သူများ၏ ကိုယ်ပိုင်အမြင်သာ ဖြစ်ပြီး အင်းလျား ဘောဂဗေဒအဖွဲ့အစည်း၏ အမြင်ကို ကိုယ်စားမပြုပါ။ ဤစာစဉ်တွင် ပါရှိသည့် ဆောင်းပါးများသည် ပညာရေးနှင့် ဝေဖန်ဆန်းစစ်ရေးအတွက်သာ ရည်ရွယ်ပါသည်။

Copyright © 2025. Economic Education Program, Inya Economics

# ဥယျာဇဉ်

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ) သည် ကာလတစ်ခု ငြိမ်သက်ပြီး စာဖတ်ပရိသတ်များနှင့် ဝေးကွာနေခဲ့ရပါသည်။ အခြားအလုပ်တာဝန်များ ဖိစီးနေသော ကျွန်ုပ်တို့ အဖွဲ့သားများသည် လစဉ်လတိုင်း မထုတ်ဝေနိုင်သဖြင့် စိတ်မကောင်း ဖြစ်ရပါသည်။ ၂၀၂၅ ခုနှစ် ဘောဂဗေဒသိပ္ပံ နိုဘယ်ဆုရှင်များအား အကြောင်းပြုပြီး ဤလ ထုတ်ဖြစ်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက်ချပြီး ယခု ထုတ်ဝေနိုင်ခဲ့ပါပြီ။ နှစ်မကုန်ခင် နှစ်ဟောင်းနှုတ်ဆက်၊ နှစ်သစ်ကြိုဆိုသည့်အနေဖြင့် တစ်စောင် ထပ်မံ ထုတ်ဝေနိုင်ရန် မိမိတို့ ကြိုးစားပါဦးမည်။

ဘောဂဗေဒသမိုင်းအကြောင်း အထူးသဖြင့် ကိုလိုနီခေတ် စီးပွားရေးသမိုင်းအကြောင်း ရေးသားမည်၊ ဘာသာပြန်ဆိုမည်ဆိုလျှင် ကျွန်ုပ် အထူး သတိထားရပါသည်။ ကိုလိုနီခေတ် ကိုလိုနီအစိုးရများ၏ ဖိနှိပ်မှုအကြောင်း ရေးသားချက်များသည် ကိုလိုနီခေတ်လွန် အမျိုးသားရေးဝါဒ တည်ဆောက်ရာတွင် လွန်စွာအသုံးတည့်ပါသည်။ မောက်မာသော အမျိုးသားရေးဝါဒသည် လက်တွေ့မကျသော စီးပွားရေးမူဝါဒများကိုချမှတ်စေခဲ့ပြီး အကျိုးဆက်များကို အရှေ့တောင်အာရှဒေသတွင် ရှင်းရှင်းလင်းလင်း တွေ့ရကြောင်း ဒေါက်တာလှမြင့်၏ ၁၉၇၀ ပြည့်လွန် အရှေ့တောင်အာရှ ဖွံ့ဖြိုးရေးမူဝါဒများ အကြံပေးစာတမ်းမှတဆင့် လေ့လာရပါသည်။ သမိုင်းသည် တိုင်းပြည်အုပ်ချုပ်နေသူများ၏ စိတ်ခံစားမှုကောင်းစေသည့် ညအိပ်ရာဝင်ပုံပြင်များမဖြစ်သင့်ပါ။ သမိုင်းသည် တိုင်းပြည်အုပ်ချုပ်သူများနှင့် တိုင်းသူပြည်သားများ၏ တလွဲမာနများကို ဖယ်ခွာချပြီးလက်တွေ့ကျမှုဆီသို့ ဦးတည်စေသည့် သံဝေဂတရားများကိုသာ မွေးထုတ်ပေးသင့်ပါသည်။

စီးပွားရေး ခေတ်ပြိုင်မူဝါဒများသမိုင်းသည် မူဝါဒများနှင့် ၎င်းတို့၏ ရေတို၊ ရေရှည် သက်ရောက်မှုများကိုလေ့လာနိုင်ရန် လွန်စွာကောင်းမွန်သည့် နယ်ပယ်တစ်ခု ဖြစ်ပါသည်။ သံဝေဂတရားများကို မွေးထုတ်ပေးနိုင်သည့် ခေတ်ပြိုင်မူဝါဒများသမိုင်းသည် ယနေ့ခေတ်၏ လိုအပ်ချက်များထဲမှ တစ်ခု ဖြစ်ပါသည်။ မြန်မာပြည်နှင့် အရှေ့တောင်အာရှ စီးပွားရေး ခေတ်ပြိုင် မူဝါဒများသမိုင်းသည် မြန်မာပြည်စီးပွားရေးမူဝါဒချမှတ်ရေးအတွက်

Copyright © 2025. Economic Education Program, Inya Economics.

အရေးကြီးသည့် နယ်ပယ်တစ်ခု ရှိသော်လည်း လုပ်အား၊ လုပ်သားများ ရှားပါးလှသဖြင့် ကျွန်ုပ်တို့ အပင်ပန်းခံသင့်သည့်၊ အပင်ပန်းခံရဦးမည့် အလုပ်တစ်ခု ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ဘောဂဗေဒသိပ္ပံနိုဘယ်ဆုရှင်များ၏ လက်ရာများသည်လည်း မြန်မာပြည် စီးပွားရေး တိုးတက်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် မြန်မာပြည်သည် ဒေသတွင်းတွင် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး၊ တိုးတက်မှုအနိမ့်ဆုံး နိုင်ငံအနည်းငယ်ထဲမှ တစ်နိုင်ငံ ဖြစ်ပါသည်။ ကုန်းတွင်းပိတ်နိုင်ငံလည်း မဟုတ်သလို အရင်းအမြစ်နိုင်ငံလည်း မဟုတ်ရပါ။ လူဦးရေးအနေအထား သင့်တင့် ကောင်းမွန်ပါလျှက် ကျွန်ုပ်တို့သည် ပြေးလမ်းတွင် နောက်ဆုံးတွင် ရှိနေဆဲ ဖြစ်ပါသည်။ ရှိသည့်နေရာကို အသုံးချပြီး ရှေ့ပြေးနိုင်ငံများကို ကြည့်ပြီးသော် မော်ကီယာ၏ ပညာဖန်တီးမှု၊ စက်မှုတော်လှန်ရေးနှင့် စီးပွားရေးတိုးတက်မှုအကြား ဆက်စပ်မှုနှင့် အာဂီယွန်၊ ဟောင်းဝပ်တို့၏ တီထွင်မှုအဖျက်စွမ်းအား သက်ရောက်မှုများဆိုင်ရာ တွေ့ရှိချက်များ၊ အဆိုပါစာပေလက်ရာများသည် မြန်မာပြည်အတွက် တန်ဖိုးကြီးသော သင်ခန်းစာများ ဖြစ်ပါသည်။

"ပြည်တွင်းအသားတင်စုစုပေါင်းကုန်ထုတ်တန်ဖိုးသည် ကျွန်ုပ်တို့၏ တစ်ခုတည်းသော ပန်းတိုင် ဖြစ်သင့်ပါသလား။"

"စက်မှုတော်လှန်ရေးသည် အဘယ်အကြောင်းအရာကို အခြေခံ မွေးဖွားခဲ့ရပါသလဲ။"

"အားလုံးသော ပြည်သူတို့၏ ကောင်းကျိုးသုခအတွက် စီးပွားရေးတိုးတက်မှုဖြစ်စဉ်သည် အရှိန်မြန်နှုန်းအပြင်မည်သည့်အခြင်းအရာတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသနည်း။

စာဖတ်ပရိသတ်များခင်ဗျာ…

.ညတာရှည်သော ကျွန်ုပ်တို့အတွက် အလင်းရောင် လိုအပ်ပါသည်။

သန်းထွန်း

(တာဝန်ခံ)

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)

Copyright © 2025. Economic Education Program, Inya Economics.

# တုံ့ဆိုင်းရပ်တန့်နေခြင်းမှသည် တဟုန်ထိုးတိုးတက်လာခြင်း

## ကိုညဏ

လူ့သမိုင်းဖြစ်စဉ်တစ်ခုလုံးနှင့် နှိုင်းယှဉ်ကြည့်လျှင် ပြီးခဲ့သည် နှစ်၂၀၀သမိုင်းသည် တိုတောင်းလှပါသည်။ သို့သော် ထိုမျှအချိန်အတွင်း စီးပွားရေးတိုးတက်မှုကို အရင့်အရင်ကာလများထက် လူသားတို့က ကြိုးစားရယူနိုင်ခဲ့ကြပါသည်။ တဟုန်ထိုး တိုးတက်လာသော စီးပွားရေး၏ အခြေခံအုတ်မြစ်မှာ အစဉ်မပြတ်သော နည်းပညာတီထွင်ဖန်တီးမှုများ ဖြစ်ပါသည်။

နည်းပညာတီထွင်ဖန်တီးမှုများသည် ဖန်တီးသူများနှင့် တီထွင်ဖန်တီးမှု အသီးအပွင့်ခံစားရသူများအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ် ကောင်းလှ၏။ ဖန်တီးသူများအတွက် အသစ်ကို ဖန်တီးနိုင်ခြင်းကြောင့် ရင်ခုန်ပျော်ရွှင်ရပါ၏၊ သုံးစွဲခွင့်ရသူများက အရင်က မရှိဖူးသော သို့မဟုတ် အရင်ထက် ပိုကောင်းသော ပစ္စည်းကို သုံးစွဲရသည့်အတွက် စိတ်ရွှင်လန်းရ၏၊ ဘောဂဗေဒပညာတွင်လည်း တီထွင်ဖန်တီးမှုများသည် ရန်ခုန်ဖွယ်အတိ ဖြစ်ပါသည်။ တီထွင်ဖန်တီးမှုသည် အပြုစွမ်းအားသာ ရှိသည်မဟုတ်၊ အဖျက်စွမ်းအားလည်း ရှိပါသည်။ အရင်က တည်ရှိနေသည့် အဟောင်းများသည် အသစ်ကို မကျော်လွှန်နိုင်သော် အဟောင်းတို့သည် ပျက်သုဉ်းရလေသည်။ ပြည်သူတို့သည် အုတ်အိုအုတ်ဟောင်းများကို ဖြိုဖျက်စရာမလို၊ တီထွင်ဖန်တီးမှုများသည် ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မြေအုတ်တို့ကို ဖြို၊ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်ကြပါသည်။ ဤသည်ပင် ဘောဂဗေဒပညာရှင်ရှွန်းပီတာ ရှာဖွေတွေ့ရှိသော “တီထွင်မှု၏ အဖျက်စွမ်းအား” ဖြစ်ပါသည်။ ဘောဂဗေဒ နယ်ပယ်တွင် ရှွန်းပီတာသက်ရောက်မှု ဟူ၍ ထင်ရှားပါသည်။ တီထွင်ဖန်တီးမှု၊ နည်းပညာနှင့် စီးပွားရေး တိုးတက်မှုအကြား ဆက်စပ်မှုဇာတ်လမ်းကိုတော့ ရှွန်းပီတာသက်ရောက်မှု သဘောတရားတစ်ခုတည်းက ပြည့်ပြည့်စုံစုံ မရှင်းပြနိုင်ပါ။

Copyright © 2025. Economic Education Program, Inya Economics.

၂၀၂၅ ခုနှစ် ဘောဂဗေဒသိပ္ပံ နိုဘယ်ဆုရှင်များသည် စီးပွားရေး တဟုန်ထိုး တိုးတက်စေမည့် အခြေခံအကြောင်းရင်း တစ်ရပ်အနေဖြင့် နည်းပညာနှင့် တီထွင်ဖန်တီးမှုများ၏ အခန်းကဏ္ဍနှင့် ပါဝင်လာသည့်ဖြစ်စဉ်ကို ရှင်းပြနိုင်ရန် သူတို့ တစ်ဘဝလုံး ကြိုးစားအားထုတ်ခဲ့ကြပါသည်။ နည်းပညာနှင့် တီထွင်ဖန်တီးမှုများသည် အဘယ်ကြောင့် ဤသို့ ဤမျှ စွမ်းဆောင်နိုင်ရသနည်း။ အကြားအလပ်မရှိသော စီးပွားရေးတိုးတက်ရေး (ဆိုလိုသည်မှာ တန့်ရပ်မသွားနိုင်သော စီးပွားရေးတိုးတက်မှု) နည်းပညာနှင့် တီထွင်ဖန်တီးမှုများသည် မရှိမဖြစ်လိုအပ်ကြောင်း နိုဘယ်ဆုရ ပညာရှင်သုံးဦးတို့က မတူညီသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ကြိုးစားခဲ့ကြပါသည်။

ပြီးခဲ့သည့် နှစ် ၂၀၀ မတိုင်ခင် လူ့သမိုင်း၏ ကာလအများစုတွင် နည်းပညာနှင့် တီထွင်ဖန်တီးမှုများ လုံးဝဥဿုံ ဆိတ်သုံးခဲ့သည် မဟုတ်၊ ပေါ်ထွန်းသလောက် ပေါ်ပေါက်ခဲ့သော်ငြား လူသားမျိုးဆက်များအကြား သိသိသာသာ လူနေမှုအဆင့်အတန်း ပြောင်းလဲသွားခြင်း မရှိခဲ့ပါ။ ရှားရှားပါးပါး တစ်ခါတစ်ရံ လူနေမှုအဆင့်အတန်း မြင့်တက်လေတော့မလားရယ်လို့ အရိပ်အယောင်သန်းပြီး ပြန်လည်လျှော့ကျခဲ့ရပေါင်း မနည်းလှပေ။ စီးပွားရေးတိုးတက်မှုဆိုသည်မှာလည်း အမြဲရပ်တန့်ခဲ့ရလေသည်။

ထိုသို့ တိုးတက်မှုမရှိ တန့်ရပ်နေခဲ့ရသည့် စီးပွားရေးဖြစ်စဉ်သည် စက်မှုတော်လှန်ရေး ပေါ်ပေါက်လာတော့မှ အခြေခံကျကျ ပြောင်းလဲသွားပါတော့သည်။ ဗြိတိန်နိုင်ငံတွင် သန္ဓေတည်၊ ဖွားမြင်ပြီးနောက် အခြားတိုင်းပြည်များဆီအထိ တိုးတက်မှုဖြစ်စဉ် အပြန့်ကျယ်လာခဲ့ပါသည်။ သိပ္ပံနည်းကျ နည်းပညာတီထွင်ဖန်တီးမှုများသည် ရှေ့သို့သာ ချီတက်နေပြီး အဆုံးသတ်မသွားတော့ဘဲ ရှေ့ရှေ့တီထွင်ဖန်တီးမှုများသည် နောက်နောက်တီထွင်ဖန်တီးမှုများအား ဖြစ်ပေါ်တိုးတက်စေလျက် တဟုန်ထိုး စီးပွားရေးတိုးတက်မှု၊ တည်ငြိမ်သော စီးပွားရေးတိုးတက်မှုဆီသို့ တည့်တည့်မတ်မတ် ဦးတည်သွားပါသည်။

နည်းပညာတီထွင်ဖန်တီးမှုများသည် သိပ္ပံနည်းပညာ၏ အရေးပါသော ရှာဖွေတွေ့ရှိမှုများ ဖြစ်ပါသည်။ ခေတ်သစ်များကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါ၏။ သိပ္ပံပညာရပ်နယ်ပယ်သိမှုအလင်း ကျယ်ပြန့်လာစေခဲ့ပါ၏။ အသစ်အသစ်သော သိမှုများသည် ပညာရှင်များနှင့် ပညာသင်များ၏ သိမှုနယ်ပယ်တွင် ရပ်တန့်မသွားဘဲ စာသင်ခန်းများ၊ တက္ကသိုလ်များ၊ ဓာတ်ခွဲခန်းများမှ ခုန်ထွက်လာပြီး သာမန်ပြည်သူများ၏ ဘဝလူနေမှုအဆင့်မြင့်တင်ရေးအတွက် ပြဿနာများ ဖြေရှင်းရာတွင် လက်တွေ့အသုံးချလာနိုင်ကြသည်။ ဤသို့ သဟဇာတပေါင်းစပ်မှုသည် အသိပညာနှင့် လက်တွေ့အသုံးချမှုနယ်ပယ်နှစ်ခုစလုံးကို အပြန်အလှန် တိုးတက်စေခဲ့ပါသည်။ ကိုယ်တိုင်ကိုယ်ကျ ဆန္ဒအလျှောက် စတင်ဖြစ်ထွန်းစေနိုင်သည့် အဆိုပါဖြစ်စဉ်သည် တဟုန်ထိုးစီးပွားရေးတိုးတက်မှုဆီသို့ ဦးတည်ပါသည်။ နည်းပညာတီထွင်ဖန်တီးမှုများမှသည် စီးပွားရေးတိုးတက်မှုဆီသို့ ဖြစ်စဉ်အသေးစိတ်ကို ဖော်ထုတ်ရှင်းပြနိုင်ရန် အမေရိကန် ဘောဂဗေဒသမိုင်းပညာရှင် ဂျိုအဲမော်ကီယာက ကြိုးစားခဲ့ပါသည်။ စနစ်တကျ ခင်းကျင်းထားသော ပြေးလမ်းတွင် ခလုတ်မထိ၊ ဆူးမငြိ အပြေးပြိုင်ရသလို ဖြောင့်တန်းရိုးစင်းသော

Copyright © 2025. Economic Education Program, Inya Economics.

ပုံပြင်တစ်ပုဒ် မဟုတ်ခဲ့ရပါ။ ထုနှင့်ထည်နှင့် ရှိနေသော တည်ဆဲအကျိုးစီးပွားရှင်များကို စိန်ခေါ်ခဲ့ရပါ၏။ လူ့အဖွဲ့အစည်းအနေဖြင့်လည်း အတွေးအခေါ် အသစ်များကို လက်ခံခဲ့ရသလို အောင့်သည်းအောက်သက်ဖြင့် အပြောင်းအလဲကို လက်ခံခဲ့ရသည်များလည်း ရှိပါသည်။ ထိုအချက်၂ချက်သည် အရေးပါလှပြီး အံကိုကြိတ် ကြိုးစားရုန်းကန်ခဲ့သည့် လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ ဘောဂဗေဒ သမိုင်းပညာရှင် ဂျိုအီမော်ကီယာ၏ ကြိုးစားအားထုတ်မှုအတွက် ဆုကြေးငွေတစ်ဝက်ကို နိုဘယ်ဆုကော်မတီက ချီးမြှင့်ခဲ့ပါသည်။

ဆုကြေးငွေ၏ ကျန်တဝက်ကို ဘောဂဗေဒပညာရှင်များ ဖြစ်ကြသည့် ဖီလစ်ပီအာဂီယွန်နှင့် ပီတာ ဟောင်းဝပ်တို့က လက်ခံရရှိခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းများသည် ယခင်ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ စျေးကွက်တွင် ပြိုင်ဘက်များအား အရှုံးပေးရပြီးနောက် ပိုမိုအရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် မည်သို့ ရင်းနှီးမြှုပ်နှံရမည် ဆိုသည်ကို ရှင်းပြနိုင်ရန် သင်္ချာမိုဒယ်တစ်ခုကို ၁၉၉၂ခုနှစ်တွင် အာဂီယွန်နှင့် ဟောင်းဝပ်တို့ ကြိုးစားခဲ့ကြပါသည်။ ပညာရှင်နှစ်ဦးအလိုအရ တိုးတက်မှု ဟူသည် တီထွင်မှု (၏အဖျက်စွမ်းအားများ)ကြားက ပေါ်ထွက်လာရပါသည်။ ပြိုင်ဘက်စီးပွားရေးလုပ်ငန်းများက ယခင်ထုတ်လုပ်ထားသော ကုန်ပစ္စည်းများထက် ပိုကောင်းသော ကုန်ပစ္စည်းများ ဖြစ်အောင် တီထွင်ဖန်တီးပြီး အနိုင်ကို ရယူရပါမည်။ မိမိတို့ကုန်ပစ္စည်းများက ပိုကောင်းလာသော် မိမိတို့ကုန်ပစ္စည်းများနှင့် မယှဉ်ပြိုင်နိုင်သော ပြိုင်ဘက်စီးပွားရေးလုပ်ငန်းများ၏ ကုန်ပစ္စည်းများ တန်ဖိုးပျက်စီးသွားပါမည်။ စီးပွားရေးလုပ်ငန်းများအကြား ပြိုင်ဆိုင်မှု ပြင်းထန်လာပြီး ကောင်းသထက် ပိုကောင်းအောင် ကြိုးစားကြပါသည်။ ပိုကောင်းသော ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်သည့် စီးပွားရေးလုပ်ငန်းများသည် ပိုပိုကောင်းသောအရာကို ပြိုင်ဘက်များက မဖန်တီးနိုင်မချင်း စျေးကွက်ကို တရားနည်းလမ်းတကျ လက်ဝါးကြီးအုပ်ခွင့် ရရှိသွားပါသည်။ ပြင်းထန်သော ပြိုင်ဆိုင်မှုများ၏ ရလဒ်သည် ပိုပိုကောင်းသော ကုန်ပစ္စည်းများကို ပြည်သူများ စားသုံးနိုင်သဖြင့် အဆိုပါ အကျိုးအမြတ်များသည် စီးပွားရေးအဆောက်အအုံအတွင်း ပျံ့နှံ့များပြားလာသဖြင့် တဟုန်ထိုးစီးပွားရေး တိုးတက်မှုသည် မလွဲမသွေ ရလဒ် ဖြစ်လာရပေသည်။ ဤသို့ဖြင့် နှစ် ၁၀၀ အတွင်း၊ နှစ်၂၀၀ အတွင်း အရာအားလုံးနီးပါး တိုးတက်ပြောင်းလဲရပေးတော့သည်။

### **အခြေအနေသစ်**

ဘောဂဗေဒပညာရှင်များသည် စီးပွားရေးတိုးတက်မှုဖြစ်စဉ်ကို "ပြည်တွင်းအသားတင် စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)" ဖြင့် တိုင်းတာကြပါသည်။ ငွေကြေးတန်ဖိုးဖြင့် ဖော်ပြသော အဆိုပါတန်ဖိုးသည် အမှန်တွင် ငွေကြေးသက်သက်ထက် များစွာပိုပါသည်။ ဆေးဝါးအသစ်များ၊ ပိုမိုလုံခြုံသော လမ်းများ၊ ပိုမိုထိရောက်သော အနွေးထိန်း/အအေးထိန်းစနစ်များ၊ လျှပ်စစ်မီးပေးရေးစနစ်များ၊ အင်တာနက်စနစ်၊ အဝေးရောက်နေသော

Copyright © 2025. Economic Education Program, Inya Economics.

ချစ်ရခင်ရသူများကို ဆက်သွယ်နိုင်သော သတင်းအချက်အလက်စနစ်များ စသည်ဖြင့်.. စသည်ဖြင့် အများအပြားကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုပါသည်။

နည်းပညာနှင့် တီထွင်ဖန်တီးမှုများအပေါ် အခြေခံကာ စီးပွားရေးတိုးတက်မှု ပေါ်ပေါက်လာရသည် ဟူသော ကျွန်ုပ်တို့၏ အဆိုသည် သမိုင်းကြောင်းတလျှောက် စံထားအပ်ခဲ့လှသည် မဟုတ်။ ဆွီဒင်နှင့် ဗြိတိန်တို့တွင် ၁၄ ရာစုအစပိုင်းမှ ၁၈ရာစုအဆုံးအထိ သမိုင်းကို သခင်လည်းပြန် ကြည့်နိုင်ပါသည်။ တီထွင်ဖန်တီးမှုများ ပေါ်ပေါက်ခဲ့သော်ငြား ဝင်ငွေများ တက်လိုက်ကျလိုက်ဖြစ်ကာ တဟုန်ထိုးစီးပွားရေးတိုးတက်မှုကို မဦးတည် နိုင်ခဲ့ပါ။ ထိုအချိန်က ရှာဖွေတွေ့ရှိမှုများသည် ရေရှည်စီးပွားရေးတိုးတက်မှုကို သိသိသာသာ မစွမ်းဆောင်နိုင်ခဲ့ပါ။ ဘောဂဗေဒသမိုင်းပညာရှင် ဂျိုအဲမော်ကီယာအမြင်အရ အတွေးအခေါ်သစ်များ ပေါ်ထွက်ခဲ့သော်ငြား ဆင့်ကဲ တိုးတက်ပြောင်းလဲနိုင်ရန် ပျက်ကွက်ခဲ့ပြီး အတွေးအခေါ်သစ်များကို လက်တွေ့ပြဿနာများအား ဖြေရှင်းရန် လည်း အသုံးမချနိုင်ခဲ့ပါ။ အဆိုပါအချက်နှစ်ချက်နှင့် ပြည့်စုံမည်ဆိုလျှင် ခေတ်ကို ပြောင်းလဲ တိုးတက်စေနိုင်သော အဓိကအခန်းများ သေချာပေါက် ဖြစ်လာပါမည်။ ၁၉ ရာစု ကနဦးပိုင်းမှသည် ယနေ့အထိမှာတော့ လုံးဝဥဿုံ ပြောင်းလဲမှုကြီးနှင့် ကြုံလိုက်ရပါသည်။ ၁၉၃၀ ပြည့်လွန်နှစ်များက မဟာစီးပွားပျက်ကပ်ကြီးနှင့် အခြားသော အကျပ်အတည်းများ ဒုတ်ဒုတ်ထိ ကြုံကြိုက်လိုက်ရသော်လည်း စီးပွားရေးတန့်ရပ်မသွားတော့ဘဲ အခြေ အနေသစ် နယူးနော်မယ် အဖြစ် ဖြေရှင်းနိုင်သွားခဲ့ပါသည်။ ၁၉ ရာစုအစပိုင်းတွင် နှစ်စဉ် ၂ ရာခိုင်နှုန်းဝန်းကျင်ဖြင့် စီးပွားရေးတိုးတက် လာခဲ့ပါသည်။ အခုအမြင်ဖြင့် ကြည့်လိုက်သော် မများလှ။ သို့သော် အနည်းဆုံး ၂ ရာခိုင်နှုန်း ဖြင့် တိုးတက်မှုသည် အဘယ်အချိန်တွင်မျှ တုံ့ဆိုင်းမသွားတော့သောအခါ ဆက်တိုက် ရှေ့သို့ ချီတက်လာသော အခါ ၃၅ နှစ်ကြာသော် အဆိုပါတိုင်းပြည်တွင် ပြီးခဲ့သော ၃၅ နှစ်ထက်စာလျှင် တိုင်းပြည်ဝင်ငွေသည် နှစ်ဆ ဖြစ်သွားပေသည်။ ကမ္ဘာတဝန်းလုံး အတိုင်းအတာဖြင့် သာမန်ပြည်သူများ၏ ဘဝအရည်အသွေးသည် အံ့သြဘနန်း ပြောင်းလဲ တိုးတက်သွားပေပြီ။

**အသုံးဝင်လာသော ပညာများ (အသုံးဝင်မှု ကျယ်ပြန့်လာသော ပညာများ)**

တဟုန်ထိုးစီးပွားရေးတိုးတက်မှုကို မည်သည့်အခြင်းအရာက ဖန်တီးပေးပါသနည်း။ အဆိုပါမေးခွန်းကို တိတိ ကျကျ နက်နက်ရှိုင်းရှိုင်း ရှင်းပြနိုင်ရန် ၂၀၂၅ ခု ဘောဂဗေဒသိပ္ပံနိုဘယ်ဆုရှင်များသည် မတူညီသော နည်းနာများကို အသုံးပြုခဲ့ကြပါသည်။ ဘောဂဗေဒသမိုင်းပညာရှင် ဂျိုအဲမော်ကီယာက ပညာများအကြား စဉ်ဆက်မပြတ် စီးဆင်းမှု လိုအပ်သည်ဟု သူ့ ဘောဂဗေဒသမိုင်း သုတေသနတွေ့ရှိချက်များအပေါ် အခြေခံပြီး တင်ပြပါသည်။ လူ့အဖွဲ့အစည်းအတွက် အသုံးဝင်မှု ကျယ်ပြန့်လာစေရန် ရည်သန်လျက် ပညာအပေါ် အမျိုးအစားနှစ်မျိုး ခွဲခြားနိုင်ပါသည်။ ၁၊ (သဘောတရားအခြေခံသည့်) သီဝရီပညာ နှင့် ၂၊ (ပြဿနာများဖြေရှင်း နိုင်မည့်) နည်းနာလမ်းညွှန်ပညာ တို့ဖြစ်ပါသည်။ အဆိုပါပညာနှစ်မျိုးမှာ သီးခြားရပ်တည်နေပါက ထိထိ

Copyright © 2025. Economic Education Program, Inya Economics.

ရောက်ရောက် ကောင်းကျိုးစီးပွား မပြုနိုင်ပါချေ။ အဆိုပါပညာနှစ်မျိုးအကြား စဉ်ဆက်မပြတ် အပြန်အလှန် စီးဆင်းနေမှသာ လူ့လောကကို ကောင်းစွာ အကျိုးပြုနိုင်ပါသည်။

စက်မှုတော်လှန်ရေးမတိုင်ခင် နည်းပညာ တီထွင်ဖန်တီးမှုများသည် နည်းနာလမ်းညွှန်ပညာအပေါ် အခြေခံခဲ့ကြပါသည်။ ထိုသို့ ဤသို့ လုပ်ကိုင်လျှင် အလုပ်ဖြစ်ပြီး ပြဿနာဖြေရှင်းနိုင်သွားသည်ကို လူသားတို့ သိရှိခဲ့ကြပါသည်။ သို့သော် ဘာကြောင့် ဆိုသည့် အကြောင်းရင်းကိုမူ ရှင်းလင်းခိုင်မာစွာ နားမလည်ခဲ့ကြပါ။ သင်္ချာပညာနှင့် သဘာဝဒဿနပညာလို သီဝရီပညာများသည် နည်းနာလမ်းညွှန်ပညာများနှင့် ဆက်စပ်မှု မရှိဘဲ ပေါ်ထွက်လာခဲ့ကြပါသည်။ သို့ပါ၍ ကြိုးစားအားထုတ်ခဲ့ကြသော တီထွင်ဖန်တီးမှုများသည် အစီအစဉ်တကျ မရှိ၊ ကစင့်ကလျား ဖြစ်ခဲ့ရသည်။ ထို့အပြင် မှန်ကန်သော သီဝရီပညာများသည် လက်တွေ့အကောင်အထည် မဖော်နိုင်သေးသဖြင့်၊ ရွေ့လျားစေနိုင်သော စက်များ မတီထွင်နိုင်သေးသဖြင့်၊ ရွှေဖြစ်စေနိုင်သော အဂ္ဂိရတ် မထိုးနိုင်သေးသဖြင့်၊ လကတွေ့မစွမ်းဆောင်နိုင်၊ အကျိုးမရှိဟု ယူဆမှုများ ရှိခဲ့ပါသည်။

၁၆ ရာစု၊ ၁၇ ရာစု သိပ္ပံနည်းကျ ပညာအယူအဆများ တိုးတက်လာမှုသည် ဉာဏ်အလင်းပွင့်ခေတ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ သိပ္ပံပညာရှင်များဘက်မှလည်း တိကျသော အတိုင်းအတာနည်းလမ်းများ၊ ထိန်းချုပ်ထားသော ဓာတ်ခွဲခန်းများ၊ ထိုမှ ထွက်ပေါ်လာသော ရလဒ်များသည် အပြန်အလှန် အထပ်ထပ် စစ်ဆေးနိုင်ပြီး သီဝရီပညာနှင့် နည်းနာပညာများအကြား စဉ်ဆက်မပြတ် အပြန်အလှန် စီးဆင်းမှု အားကောင်းမောင်းသန်ဖြစ်လာပါသည်။ ဤသည်ကပင် ပညာ၏ လူ့အများအတွက် အသုံးဝင်မှုကို ကြီးမား ကျယ်ပြန့်လာစေပါသည်။ လေထုဖိအားနှင့် လေဟာနယ်များအကြောင်း သီဝရီပညာများသည် ရေနွေးငွေ့အင်ဂျင်ကို ကောင်းကောင်းအဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ သံရည်ပူများ၏ ကာဗွန်ပါဝင်မှုကို အောက်ဆီဂျင်ဓာတ်ငွေ့က မည်သို့ လျော့ချပေးနိုင်ကြောင်း သိနားလည်လာသည့် သီဝရီပညာများသည် သံမဏိထုတ်လုပ်ရေးကို တိုးတက်စေခဲ့ပါသည်။ ပညာသိမှုတိုးတက်လာမှုသည် လက်ရှိ ပိုင်ဆိုင်ထားသည့် တီထွင်ဖန်တီးမှုများကို တိုးတက်စေနိုင်ပြီး အသုံးဝင်မှုနယ်ပယ်များလည်း အသစ်ချဲ့ထွင်နိုင်သဖြင့် ကျယ်ပြန့်လာရပါသည်။

## သီဝရီမှ လက်တွေ့ဆီသို့

ပေါ်ပေါက်လာသော အတွေးအခေါ်သစ်များသည် အမှန်တကယ် လက်တွေ့ဖြစ်နိုင်ခြေ၊ နည်းပညာအရ ဖြစ်နိုင်ခြေတို့ ရှိပြီးနောက် အကျိုးအမြတ်ရနိုင်ခြေအတွက် စီးပွားဖြစ် လုပ်ကိုင်နိုင်ရန်မှာလည်း မရှိမဖြစ် ဖြစ်ပါသည်။ စီးပွားရေးဖြစ် မလုပ်ကိုင်နိုင်ပါက အကောင်းဆုံး၊ အတောက်ပဆုံး အတွေးစများပင်လျှင် လီယိုနာဒိုဒါဗင်ချီရဲ့ ရဟတ်ယာဉ်ဒီဇိုင်းလို ပုံဆွဲစက္ကူပေါ်တွင် ဓာတ်သိမ်းသွားပါမည်။ စက်မှုတော်လှန်ရေး ဗြိတိန်နိုင်ငံတွင် အောင်မြင်ရခြင်းမှာ ဗြိတိန်သည် ကျွမ်းကျင်လက်မှုပညာသည်များနှင့် အင်ဂျင်နီယာများ

စုဝေးတည်ရှိနေသောကြောင့် ဖြစ်ကြောင်း မော်ကီယာက အလေးအနက် ပြောဆိုပါသည်။ သူတို့သည် ရှုပ်ထွေးနက်နဲသော ဒီဇိုင်းများအထိ ကောင်းစွာ နားလည်နိုင်ပြီး အကောင်းဆုံးအတွေးစများကို စီးပွားဖြစ် ထုတ်ကုန်အဖြစ် အသွင်ပြောင်းပေးနိုင်ကြပါသည်။ ဤအချက်သည် ဗြိတိန်၏ တဟုန်ထိုး စီးပွားရေး တိုးတက်မှုအတွက် အသက်တမျှ အရေးပါပါသည်။

## အပြောင်းအလဲအပေါ် စိုးရွံ့မှုများ ကျဆင်းလာခြင်း

တဟုန်ထိုးစီးပွားရေးတိုးတက်မှု ရစေရန် အရေးကြီးသော အကြောင်းရင်းတစ်ခုမှာ လူ့အဖွဲ့အစည်း၏ အပြောင်းအလဲအပေါ် လိုလားလက်ခံမှု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နည်းပညာနှင့် တီထွင် ဖန်တီးမှုများအပေါ် အခြေခံသည့် စီးပွားရေးတိုးတက်မှုသည် အနိုင်ရသူများသာမက ရှုံးနိမ့်သွားသူများကိုလည်း မွေးထုတ်ပေးပါသည်။ တီထွင်မှုအသစ်များသည် တီထွင်မှုအဟောင်းများနေရာတွင် ဝင်ယူလိုက်ပြီး လက်ရှိ တည်ဆောက်ပုံနှင့် အလုပ်လည်ပတ်နေသည့်စနစ်ယန္တရားများကို ဖျက်ဆီးပစ်ပါသည်။ ထို့ကြောင့်ပင် နည်းပညာသစ်များ သုံးစွဲနိုင်ရန် အခိုင်အမာတည်ဆောက်ထူထောင်ထားသည့် အကျိုးရှင်အုပ်စုများနှင့် မကြာ ခဏဆိုသလို နည်းပညာဟောင်းဘက်မှ ခုခံမှုများ ပြင်းထန်လေ့ ရှိပါသည်။ နည်းပညာဟောင်း လက်ခံသုံးစွဲခြင်းမှ ၎င်းတို့ အကျိုးအမြတ် ရနေသောကြောင့် ဖြစ်ပါသည်။ နည်းပညာသစ်ကို ပြောင်းလဲကျင့်သုံးမည်ဆိုလျှင် ယခင် ၎င်းတို့ ပိုင်ဆိုင်ထားသော အခွင့်ထူးများ စွန့်လွှတ်ရပေတော့မည်။

ဉာဏ်အလင်းပွင့်ခေတ်သည် လူ့အဖွဲ့အစည်းအား အပြောင်းအလဲအပေါ် ခုခံမှုများ လျော့ကျလာစေခဲ့ပါသည်။ လူ့အဖွဲ့အစည်းသည် ယခင်ကထက် အသစ်များကို ပိုမို လက်ခံလာနိုင်ခဲ့ပါသည်။အသစ်ပေါ်ပေါက်လာသော အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအဖွဲ့ဖြစ်သည့် ဗြိတိသျှပါလီမန်သည် အခွင့်ထူးခံများ အပြောင်းအလဲကို ငြင်းဆန်နိုင်ရန် ခွင့်ပြုမထားတော့ပါ။ အခွင့်ထူးခံအုပ်စုများသည် အင်အားစုစည်းပြီး အပြောင်းအလဲကို လက်ခံပေးရဖို့အတွက် နိုင်ငံရေး၊ စီးပွားရေး အပေးအယူများ လုပ်ဖို့ ကြိုးစားလာကြပါသည်။ လူ့အဖွဲ့အစည်း၏ အဆိုပါအပြောင်းအလဲကို ပုံစံတစ်မျိုးဖြင့် လက်ခံလာမှုသည် တဟုန်ထိုးစီးပွားရေးအတွက် အတားအဆီးကြီး တစ်စတစ်စ ကွယ်ပျောက်သွားပါတော့သည်။

သီဝရီပညာများသည်လည်း တစ်ခါတစ်ရံတွင် အတွေးသစ်များအပေါ် အခုအခံများ လျော့ကျလာစေရန် စွမ်းဆောင်နိုင်ပါသည်။ သမားတော်များနှင့် သူနာပြုများ လက်ကို သန့်ရှင်းစွာ ဆေးကြောလိုက်သောအခါ သားဖွားမိခင် သေဆုံးမှုများ ကျဆင်းသွားနိုင်ကြောင်း ဟန်ဂေရီသမားတော်ကြီး အစ်ဂနက်ဆင်မယ်ဝေ့က ၁၈၄၇ခုနှစ်တွင် တွေ့ရှိခဲ့ပါသည်။ လက်ကို သန့်ရှင်းစင်ကြယ်စေရန် ဆေးကြောရုံမျှဖြင့် ဖယ်ရှားနိုင်သော ဘက်တီးရီးယားများ၏ တည်ရှိမှုကို သက်သေပြနိုင်ခဲ့သော်၊ ဘာကြောင့် ဆိုသော မေးခွန်းကိုပါ သမားတော်ကြီး

Copyright © 2025. Economic Education Program, Inya Economics.

ဖြေဆိုနိုင်ပေလိမ့်မည်။ ထိုဖြစ်စဉ်တွင် သမားတော်ကြီးသည် နည်းနာလမ်းညွှန်ပညာကို သိရှိနားလည်နိုင်ခဲ့ပြီး ဘာကြောင့်ဆိုသည့် သီဝရီပညာကို မသိရှိနိုင်ခဲ့သည့်အတွက် ဝါ ဘာကြောင့် ဆိုသည်ကို သီဝရီပညာဖြင့် မရှင်းပြနိုင်ခဲ့သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ လက်များ သန့်ရှင်းစင်ကြယ်အောင် ထားသင့်ကြောင်း နည်းနာလမ်းညွှန်ပညာအဖြစ်သာ ထားရှိခဲ့သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ၏ အပြုအမူ ပြောင်းလဲစေရန် ကြိုးစားရာတွင် အခုအခံ ကြီးခဲ့ပါသည်။ ဘာကြောင့် ဆိုသည့် သီဝရီပညာတွေ့ရှိမှုများသည် လူအများ ဘဝင်ကျပါက အနိမ့်ဆုံးအဆင့် လူသားများ အပြုအမူ ပြောင်းလဲသွားပါတော့သည်။ ဤသည်ပင် သီဝရီပညာ၏ အခန်းကဏ္ဍ ဖြစ်ပါသည်။

## စီးပွားရေးတိုးတက်မှုသည် အသွင်ကူးပြောင်းမှုဖြစ်စဉ် ဖြစ်ပါသည်။

ဘောဂဗေဒသမိုင်းပညာရှင် ဂျိုအီမော်ကီယာသည် တဟုန်ထိုးစီးပွားရေးတိုးတက်မှုအတွက် လိုအပ်သော အကြောင်းခြင်းရာများကို ဖော်ထုတ်နိုင်ရန် သမိုင်းဖြစ်စဉ်များကို အသုံးပြုခဲ့ပါသည်။ ဘောဂဗေဒပညာရှင် ဖီလစ်ပီအာဂီယွန်နှင့် ပီတာဟောင်းဝပ်တို့သည် နည်းပညာမြင့်မားလာခြင်းက တဟုန်ထိုးစီးပွားရေးတိုးတက်မှုကို မည်သို့ ဦးတည်စေနိုင်ကြောင်း လေ့လာနိုင်ရန် သင်္ချာမိုဒယ်တစ်ခုကို တည်ဆောက်ပြီး ပညာရပ်ပိုင်း စုံစမ်းဖော်ထုတ်ခဲ့ပါသည်။ ချဉ်းကပ်မှုနှစ်ခုမှာ မတူညီသော်လည်း တူညီသော ပြဿနာနှင့် ဖြစ်စဉ်ကို သူတို့ ရင်ဆိုင်ဖြေရှင်းခဲ့ကြပါသည်။

အစောပိုင်း ကျွန်ုပ်တို့ တွေ့ရှိခဲ့သလို ဗြိတိန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံများကဲ့သို့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုသည် ပြောစမှတ်တွင်လောက်အောင် တည်ငြိမ်သွားခဲ့ပြီ ဖြစ်ပါသည်။ အပေါ်ယံ မျက်နှာပြင်တွင် တည်ငြိမ်နေသော်ငြား အတွင်းဘက်တွင် ကျွန်ုပ်တို့ မျှော်မှန်းထားသည်နှင့် အတိုင်းအတာ တစ်ခုအထိ လွဲချော်နိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးလုပ်ငန်းများ၏ ဆယ်ရာခိုင်နှုန်းသည် နှစ်တိုင်း ပျောက်ကွယ်နေရပါသည်။ သူတို့ထဲမှာ အများစုသည် တည်ထောင်ကာစ လုပ်ငန်းငယ်များ ဖြစ်ပါသည်။ အသက်ရှင်ကျန်နေဆဲ လုပ်ငန်းများတွင်လည်း အလုပ်အကိုင်သစ်များ တစ်နေ့တစ်နေ့ ပေါ်ပေါက်နေသလို နှစ်တိုင်းနှစ်တိုင်းလည်း အလုပ်အကိုင်ဟောင်းများ ကွယ်ပျောက်နေရပါသည်။ အမေရိကန်ပြည်ထောင်စုလောက် စာရင်းကိန်းဂဏန်း မများပြားလှသော်လည်း အခြားနိုင်ငံများတွင်လည်း တူညီသော ပုံစံကို မြင်တွေ့နေရပါသည်။

အလုပ်ဟောင်းများ ကွယ်ပျောက်၊ အလုပ်သစ်များ ပေါ်ထွက်လာသည်မှာ ရွှန်းပီတာ သက်ရောက်မှု ဝါ တီထွင်မှု၏ အဖျက်စွမ်းအားပင် ဖြစ်ပါသည်။ သတင်းဆိုး၊ သတင်းကောင်း မကွဲပြားသေးသော ယခုသတင်းထူးမှာ အဆိုပါသက်ရောက်မှုသည် တဟုန်ထိုးစီးပွားရေးတိုးတက်မှု၏ အသည်းနှလုံး ဗဟိုချက်ပင် ဖြစ်သည်ဟု အာဂီယွန်နှင့် ဟောင်းဝပ်က ဆိုပါသည်။ (နိုင်ငံလုံးဆိုင်ရာစီးပွားရေးကြီး အရှိန်မြင့်တိုးတက်နေချိန်တွင်ပင်

Copyright © 2025. Economic Education Program, Inya Economics.

တစ်ဦးတစ်ယောက်၏ အရည်အချင်းသည် အသစ်ပေါ်ထွက်လာသော နည်းပညာကြောင့် ကံဆိုးသူမောင်ရှင် "ဦးရှင်ကြီး" ဖြစ်သွားနိုင်ပေသည်။) လုပ်ငန်းတစ်ခုသည် ပိုမိုကောင်းမွန်သော ထုတ်ကုန်၊ ပိုမိုထိရောက်သော ထုတ်လုပ်မှုဖြစ်စဉ်နှင့် စနစ်ကို တည်ဆောက်နိုင်ခဲ့သော် အဆိုပါလုပ်ငန်းသည် ဈေးကွက်ဘုရင် ဖြစ်လာပြီး အခြားလုပ်ငန်းများနှင့် အခြားထုတ်ကုန်များကို ကန်ထုတ်လာနိုင်ပေသည်။ ဈေးကွက်ဘုရင် ဖြစ်လာစေရန် ဆိုသော မက်လုံးသည် လုပ်ငန်းများအား ပြိုင်ဆိုင်မှု ပြင်းထန်စေပါသည်။

## ယခင်သီဝရီများကို ကိုင်လှုပ်ပြီး မိုဒယ်တစ်ခု ပေါ်ထွက်လာခြင်း

အကောင်းဆုံးနှင့် ခေတ်ရှေ့အပြေးဆုံး နည်းပညာများ ပိုင်ဆိုင်ထားသည့် လုပ်ငန်းများသည် စီးပွားရေး အဆောက်အအုံတစ်ခုအတွင်း ရှိသည်ဟု ယူဆကြပါစို့။ လက်ရှိထက် ပိုမိုကောင်းမွန်သော နည်းပညာများကို ပိုင်ဆိုင်နိုင်ရန် အပြိုင်အဆိုင် ကြိုးစားကြပြီး အကယ်၍ ပိုင်ဆိုင်သွားပါက မူပိုင်ခွင့်အနေဖြင့် ဈေးကွက်၏ တစ်ဦးတည်း ရောင်းဝယ်ဖောက်ကားခွင့်ကို ရရှိပါမည်။ တုပထုတ်လုပ်ရောင်းချခြင်းကို ဥပဒေက အကာအကွယ်ပေးထားသည်။ ပိုကောင်းသော နည်းပညာ၊ မတူညီသော နည်းပညာများကို ကြိုးစားအားထုတ်မှုကိုတော့ ဥပဒေက ခွင့်ပြုထားသည်။ ဤနည်းဖြင့် အသစ်အသစ်သော ပိုကောင်းမည့် နည်းပညာများအတွက် မက်လုံးကို ကျလောက်အောင် ဖန်တီးတည်ဆောက်ထားလိုက်ပါသည်။ ထို့ကြောင့် လုပ်ငန်းများသည် သုတေသန ရန်ပုံငွေ ထူထောင်ကာ အသစ်အသစ်သော နည်းပညာများကို ဖန်တီးနိုင်အောင် ကြိုးစားရပါတော့သည်။ သို့သော် သုတေသနတွင် ရင်းမြစ်သုံးတာများလာသည်နှင့်အမျှ ထုတ်ကုန်ဆန်းသစ်ရာတွင် ရင်းမြစ်ကို လျှော့ချလာရသည်။ ထိုအခါ ဈေးကွက်ထိပ်ဆုံးက လုပ်ငန်းသည် ထိပ်ဆုံးမှ တွန်းချခံရပါတော့သည်။ ထို့ကြောင့် စီးပွားရေး အဆောက်အအုံသည် လုပ်ငန်းများ၏ သုတေသန ရင်းနှီးမြှုပ်နှံမှု၊ တီထွင်မှု အဖျက်စွမ်းအား၏ အရှိန်နှင့် စီးပွားရေးတိုးတက်မှုတို့ကို ချိန်ညှိနေရပါသည်။

သုတေသနပိုင်း ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုက်ဆံသည် အိမ်ထောင်စုများ၏ စုဆောင်းငွေက လာပါသည်။ အိမ်ထောင်စုများ ဘယ်လောက်စုဆောင်းမည်၊ ဘယ်လောက်စားသုံးမည် ဆိုသည်ကို တိုင်းပြည်၏ စီးပွားရေး တိုးတက်နှုန်းက သက်ရောက်ပါသည်။ ထုတ်လုပ်မှု၊ သုတေသနလုပ်ငန်းများ၊ ဘဏ္ဍာရေးဈေးကွက်နှင့် အိမ်ထောင်စုများ၏ စုဆောင်းငွေတို့သည် သီးခြားလေ့လာရန် မဖြစ်နိုင်ပါ။ တကယ့်လက်တွေ့တွင် အဆိုပါ ကိန်းရှင်များ အမှန်အကန်သက်ရောက်နေသောကြောင့် ဖြစ်ပါသည်။ မတူညီသော ဈေးကွက်များ မျှခြေတစ်ခုတွင် တည်ငြိမ်နိုင်သည်ဟု သီဝရီအရ မျှော်မှန်းနိုင်သော မိုဒယ်ကို အထွေထွေမျှခြေမိုဒယ်ဟု မာခရိုဘောဂဗေဒ ပညာရှင်များက ဆိုကြပါသည်။ အာဂီယွန်နှင့် ဟောင်းဝပ်တို့သည် တီထွင်မှု၏ အဖျက်စွမ်းအား ဟူသည့် ရှွန်းပီတာသက်ရောက်မှုကို ပထမဆုံးအကြိမ်အဖြစ် အထွေထွေမျှခြေသီအိုရီမူဘောင်တွင် ထည့်သွင်းသော

Copyright © 2025. Economic Education Program, Inya Economics.

ပထမဆုံးမာခရိုဘောဂဗေဒမိုဒယ် ဖြစ်လာပါသည်။ အာဂီယွန်နှင့် ဟောင်းဝပ်တို့၏ ၁၉၉၂ခုနှစ် စာပေလက်ရာ ဖြစ်ပါသည်။

## မူဝါဒချမှတ်ခြင်းမှ ကောင်းကျိုးပြုနိုင်ချေများ

ဈေးကွက်သည် လွတ်လပ်ပြီး နိုင်ငံရေးဝင်ရောက်စွက်ဖက်မှု ကင်းစင်မည်ဆိုပါက အာဂီယွန်နှင့် ဟောင်းဝပ်တို့၏ ၁၉၉၂ မိုဒယ်ကို အခြေပြုပြီး အကောင်းဆုံး၊ အသင့်တော်ဆုံး၊ ထိရောက်မှုအရှိဆုံး သုတေသနရန်ပုံငွေပမာဏနှင့် အကောင်းဆုံး စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်နိုင်ပါသည်။ အရင့်အရင် ပေါ်ပေါက်ခဲ့သော ဘောဂဗေဒမိုဒယ်များသည် သီဝရီမေးခွန်းကို ဖြေဆိုတွက်ချက်နိုင်ခဲ့ခြင်း မရှိခဲ့ပါချေ။ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ လည်ပတ်ပုံနှင့် စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်ပုံတို့အကြား ဦးတည်ချက်နှင့် ကောက်ယူချက် မတူညီသောကြောင့် အဆိုပါမိုဒယ်က ထွက်ပေါ်လာသော အဖြေသည် ရိုးရှင်းမှု အားနည်းပါသေးသည်။

စီးပွားရေးလုပ်ငန်းများသည် အကောင်းဆုံးအရာကို ဈေးကွက်ဦးဆောင်သူနေရာအတွက် ဖန်တီးတည်ဆောက်ယူကြရင်း ဈေးကွက်ဦးဆောင်သူနေရာကို ကာလတစ်ခုကြာ ဆုံးရှုံးသွားသောအခါ အရှုံးပေါ်သွားပါသည်။ စီးပွားရေးလုပ်ငန်းဘက်က ကြည့်လျှင် အရှုံး ရှိပါသည်။ သို့သော် လူ့အဖွဲ့အစည်းအမြင်ဘက်ကကြည့်သော် အသစ်အသစ်ပေါ်ထွက်လာမှုများသည် အဟောင်းတည်ဆောက်မှုများကို အခြေခံထားပါသည်။ ထို့အပြင် အသစ်တီထွင်ဖန်တီးမှုများ ပေါ်လာသောအခါတွင်လည်း စီးပွားရေးလုပ်ငန်းအတွက်ထက် လူ့အဖွဲ့အစည်းက ပို၍ အကျိုးကျေးဇူး များပါသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းသည် သုတေသနများကို ထောက်ပံ့သင့်ပါသည်ဟု အဆိုရှိပါသည်။

## သုတေသနတစ်ခုမှသည် သုတေသနများဆီသို့

အာဂီယွန်နှင့် ဟောင်းဝပ်တို့ ၁၉၉၂ခုနှစ်တွင် တည်ဆောက်ခဲ့သည့် မိုဒယ်သည် ဈေးကွက်တည်ဆောက်ပုံကိုပါ ထည့်သွင်းလေ့လာလိုက်သော် သုတေသနအသစ်ဆီသို့ဦးတည်သွားပါသည်။ ဈေးကွက်တွင် ရှိသော လုပ်ငန်းများ အရေအတွက်နှင့် ထိုလုပ်ငန်းများ၏ ဈေးကွက်ဝေစုအပေါ် မူတည်ပြီး ဈေးကွက်တည်ဆောက်ပုံ ကွဲပြားကြပါသည်။ ဈေးကွက်တွင် လုပ်ငန်းအနည်းငယ်ကသာ ဈေးကွက်ဝေစု အများအပြားကို ထိန်းချုပ်ထားလျှင်သော်လည်းကောင်း။ ဈေးကွက်တွင် လုပ်ငန်းများ အများအပြား တည်ရှိနေပြီး လုပ်ငန်းတစ်ခု ချင်းစီတွင် ဈေးကွက်ဝေစု အနည်းငယ်သာ ပိုင်ဆိုင်ထားလျှင်သော်လည်းကောင်း၊ အဆိုပါဈေးကွက် တည်ဆောက်ပုံ (ဈေးကွက်စုဝေးပုံ) နှစ်မျိုးစလုံးသည် တီထွင်ဖန်တီးမှုဖြစ်စဉ်အတွက် အခြေအနေ မကောင်းလှပါ။

Copyright © 2025. Economic Education Program, Inya Economics.

နောက်ထပ်သိနားလည်ရမည်မှာ တီထွင်ဖန်တီးမှုများသည် အနိုင်ရသူများနှင့် ရှုံးနိမ့်ရသူများကို မွေးထုတ်ပေးစမြဲဖြစ်ပါသည်။ မြင့်မားသော တိုးတက်နှုန်းအတွက် မြင့်မားသော (တီထွင်မှု၏) အဖျက်စွမ်းအားနှုန်းကို လိုအပ်ပါသည်။ မြင့်မားသော အဖျက်စွမ်းအားနှုန်းသည် အလုပ်အကိုင် အများအပြား ဖျက်စီးနိုင်ပြီး အလုပ်လက်မဲ့နှုန်း မြင့်တက်သွားစေနိုင်သည်။ ထိုသို့ အခြေအနေအတွက် လုပ်သားများ အလုပ်ရွှေ့ပြောင်းရအဆင်ပြေစေရန် အာမခံပေးသည့် စနစ်မျိုး လိုအပ်ပါသည်။ ပြောင်းလွယ်ပြင်လွယ်ရှိသော အရည်အသွေးများကို လေ့ကျင့်ပျိုးထောင်ပေးပြီး ထုတ်လုပ်နိုင်စွမ်း မကျစေဘဲ အလုပ်များကို ကာကွယ်ခြင်းထက် လုပ်သားများကို ကာကွယ်ခြင်းက ပိုမိုထိရောက်သည်ဆိုသော အယူအဆ ဖြစ်ပါသည်။ Flexicurity ဟု သိုးဆောင်းဘာသာဖြင့် ခေါ်ဆိုပြီး ဥရောပသမဂ္ဂတွင် အဆိုပပါမူဝါဒမျိုး ကျင့်သုံးသည်ကို တွေ့ရပါသည်။

ကျွမ်းကျင်သော တီထွင်ဖန်တီးသူများနှင့် စွန့်ဦးတီထွင်သော စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် အရေးပါလှပါသည်။ သားသမီးများ၏ အလုပ်အကိုင်သည်လည်း မိဘများ အမှတ်အသားသရုပ်၏ ဆုံးဖြတ်လွှမ်းမိုးမှုကို မခံယူဘဲ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခြင်းသည်လည်း စီးပွားရေးတိုးတက်မှုအတွက် အထူးအရေးပါပါသည်။

## အနာဂတ် လူ့အဖွဲ့အစည်းအတွက် အသုံးဝင်သည့် ကိရိယာများ

မော်ကီယာ၊ အာဂီယွန်နှင့် ဟောင်းဝပ်တို့၏ သုတေသနများသည် ခေတ်ပြိုင်ရေစီးကြောင်းများနှင့် အရေးကြီးပြဿနာများကို မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို နားလည်နိုင်ရန် ကျွန်ုပ်တို့ကို ကူညီပေးပါသည်။ ဥပမာ- ဉာဏ်ရည်တုနည်းပညာသည် သီဝရီပညာနှင့် နည်းနာလမ်းညွှန်ပညာများအကြား စဉ်ဆက်မပြတ် အပြန်အလှန်စီးဆင်းမှုကို အရင်ကထက် ပိုပြီး အားကောင်းမောင်းသန်း ဖြစ်စေပြီး ပညာ၏ လူ့အများအတွက် အသုံးဝင်မှုနယ်ပယ်သည် ပိုကျယ်ပြန့်နက်ရှိုင်းလာပါမည်။ ထူးခြားချက်မှာ အသုံးဝင်သော ပညာများ ဖန်တီးစုစည်းမှုနှုန်းသည် မကြုံစဖူး တိုးတက်လာပါမည်ဟု မော်ဒီယာစာပေလက်ရာက ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍကိုကောင်းစွာ ရှင်းပြနိုင်ပါသည်။

ရေရှည်တွင် တဟုန်ထိုးစီးပွားရေးတိုးတက်မှုသည် လူသားမျိုးနွယ်များအတွက် ကောင်းကျိုးချည်း ရှိသည်တော့မဟုတ်ပါချေ။ ပထမအချက်မှာ တဟုန်ထိုးစီးပွားရေးတိုးတက်မှုသည် ဘက်စုံထောင့်စုံ ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်ရေး မဟုတ်ရပါ။ တီထွင်ဖန်တီးမှုများတွင် သိသာထင်ရှားသော အနှုတ်လက္ခဏာသက်ရောက်မှုများ ရှိပါသည်။ အဆိုပါ အနှုတ်လက္ခဏာ သက်ရောက်မှုများသည် ပြဿနာများ၏ အဖြေကိုဖော်ထုတ်မိခြင်းမျိုးလည်း တစ်ခါတစ်ရံ ဖြစ်နိုင်ပါသည်ဟု မော်ကီယာက ဆိုပါသည်။ နည်းပညာတိုးတက်မှုသည်သဘာဝအတိုင်း ပြန်လည်မှန်ကန်တည့်မတ်စေခြင်းမျိုးလည်း ဖြစ်နိုင်ခြေ ရှိပါ၏။ သို့သော်ငြား ရာသီဥတု

Copyright © 2025. Economic Education Program, Inya Economics.

ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပိုးသတ်ဆေး ဆေးယဉ်ပါး ပြဿနာ၊ မညီမျှမှုများ မြင့်တက်လာခြင်း၊ ရေရှည်မစဉ်းစားသော သဘာဝရင်းမြစ် ထုတ်ယူသုံးစွဲမှု စသည့် ပြဿနာများကို ဖြေရှင်းရန်မှာမူ ကောင်းစွာ ရေးဆွဲထားသော မူဝါဒအခင်းအကျင်းကို ရှင်းရှင်းလင်းလင်း လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တဟုန်ထိုးစီးပွားရေးတိုးတက်မှု ဟူသည်လည်း ကောင်းကျိုးများ ရှိသော်ငြား မက်လောက်စရာ ကောင်းသော်ငြား အစစ်အဆေး အမေးအမြန်း မရှိ တန်းလက်ခံယုံကြည်သင့်သည် မဟုတ်ကြောင်း ၂၀၂၅ခုနှစ် ဘောဂဗေဒသိပ္ပံနိုဘယ်ဆုရှင်များက ကျွန်ုပ်တို့ကို သင်ကြားပေးလိုက်ပါပြီ။ လူ့သမိုင်းတလျှောက် အများဆုံး ဖြစ်ခဲ့တာက စီးပွားရေးတိုးတက်မှု မဟုတ်ဘဲ စီးပွားရေးတန့်ရပ်မှုသာ ဖြစ်ပါသည်။ တဟုန်ထိုးတိုးတက်မှု၏ ခြိမ်းခြောက်မှုများကို သတိပြုမိရန်နှင့် ပြန်လည်တုံ့ပြန်ရန် နိုဘယ်ဆုရှင်များက ပြသပြီးပါပြီ။ ဈေးကွက်ကို စီးပွားရေးလုပ်ငန်းအနည်းငယ်ကသာ ထိန်းချုပ်ထားလျှင်သော်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်လာလျှင်သော်လည်းကောင်း၊ ပညာများကို ဒေသတွင်းတွင်သာ ဖြန့်ကျက်ပြီး တလောကလုံး အဆင့် အပြန့်မကျယ်လျှင်သော်လည်းကောင်း၊ အင်အားနည်းသော လူစုလူဝေးတစ်ခုကို ပိတ်ဆို့ထားလျှင် သော်လည်းကောင်း တဟုန်ထိုးတိုးတက်မှု၏ ခြိမ်းခြောက်မှုများသည် ပေါ်ပေါက်လာနိုင်ပါသည်။ အဆိုပါ ခြိမ်းခြောက်မှုများကို ပြန်လည်တုံ့ပြန်ဖြေရှင်းရန် ကျွန်ုပ်တို့ ပျက်ကွက်ခဲ့ပါလျှင် တဟုန်ထိုးတိုးတက်မှုကို မွေးထုတ်ပေးသည် တီထွင်မှု၏ အဖျက်စွမ်းအားသည် အလုပ်မလုပ်တော့ဘဲ ရပ်တန့်သွားပြီး ကျွန်ုပ်တို့သည် စီးပွားရေးတန့်ရပ်မှုဆီသို့ ပြန်လည်ဆိုက်ရောက်သွားပေမည်။ ကျွန်ုပ်တို့သည် နိုဘယ်ဆုရှင်များ၏ အသက်တမျှ အရေးကြီးသော အမှာစကားများကို လက်ခံစဉ်းစားလျှင်ဖြင့် အဆိုပါအန္တရာယ်ကို ကျွန်ုပ်တို့ ရှောင်ရှား နိုင်ပါလိမ့်မည်။



Ill. Niklas Elmehed © Nobel Prize Outreach

**Joel Mokyr**

Prize share: 1/2



Ill. Niklas Elmehed © Nobel Prize Outreach

**Philippe Aghion**

Prize share: 1/4



Ill. Niklas Elmehed © Nobel Prize Outreach

**Peter Howitt**

Prize share: 1/4



Copyright © 2025. Economic Education Program, Inya Economics.

# ကျွန်တော်တို့ ဒီနေရာကို ဘယ်လိုရောက်လာခဲ့ကြသလဲ။ အရင်းရှင်စနစ်ရဲ့ သမိုင်းအကျဉ်းချုပ်

**ထွန်းနောင်**

**မစ္စ လင်းတော့ : ကဲ၊ ဒါဆို အခု သမိုင်းဆိုတာကို ဘယ်လိုအဓိပ္ပာယ် ဖွင့်ဆိုကြမလဲ မစ္စတာရုဒ်။**

**ရုဒ် : ကျနော် ပွင့်ပွင့်လင်းလင်းပဲ ပြောရင်ဖြစ်မလား မစ္စ၊ အရိုက်ခံရတာတွေ ဘာတွေ မရှိဘဲနဲ့ပေါ့။**

**မစ္စလင်းတော့ : ငါမင်းကို ကာကွယ်ပေးမှာပါ။**

**ရုဒ် : ကျွန်တော် သမိုင်းဆိုတာကို ဘယ်လို သတ်မှတ်လဲ ဟုတ်လား၊ တစ်ခုပြီးတာနဲ့ နောက်တစ်ခု သေချာပေါက်ရောက်ရောက်လာတဲ့ အရာပဲပေါ့ဗျာ၊**

**အလန်ဘန်းနက်တ်, The History Boys**

## တစ်ခုပြီးတာနဲ့ နောက်တစ်ခု သေချာပေါက်ရောက်လာတဲ့ အရာ၊ သမိုင်းက ဘာတွေအသုံးဝင်သလဲ၊

စာဖတ်သူအများစုအနေနဲ့ သမိုင်းဆိုတာနဲ့ ပတ်သက်ပြီး၊ The History Boys ရုပ်ရှင်ထဲက ရုဒ်ကောင်လေးလိုပဲ ခံစားရကောင်း ခံစားရနိုင်ပါတယ်။ The History Boys ဆိုတာက အလန်ဘန်းနက်ရဲ့ ကျော်ကြားတဲ့ ပြဇာတ်ဖြစ်ပြီး၊ ၂၀၀၆ ခုနှစ်မှာလည်း ရုပ်ရှင်အဖြစ် ထွက်ရှိထားပါတယ်။ ဇာတ်လမ်းကတော့ အောက်စ်ဖို့ဒ် တက္ကသိုလ်မှာ သမိုင်းလေ့လာဖို့အတွက် ကျောင်းဝင်ခွင့်ရဖို့ ကြိုးစားကြတဲ့၊ ထူးချွန်သော်လည်း ချို့တဲ့နွမ်းပါးတဲ့ ဘဝကလာတဲ့ ရှက်ဖီးလ်မြို့က ကျောင်းသားတစ်စုရဲ့ အကြောင်းပါ။

Copyright © 2025. Economic Education Program, Inya Economics.

လူအများစုအနေနဲ့ ဘောဂဗေဒသမိုင်းကြောင်း (ဝါ) ကျွန်တော်တို့ရဲ့ စီးပွားရေးစနစ်တွေ ဘယ်လို ဆင့်ကဲပြောင်းလဲလာသလဲဆိုတဲ့ သမိုင်းကို လေ့လာတာက အကျိုးမရှိဘူးလို့ သဘောထားတတ် ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ လွတ်လပ်တဲ့ကုန်သွယ်ရေးက စီးပွားရေးတိုးတတ်မှုကို မြှင့်တင်ပေးတယ်ဆိုတဲ့ အကြောင်း၊ နောက်ပြီး အခွန်တိုးမြှင့်ကောက်ခံခြင်းက ဓနဥစ္စာတိုးပွားရေးကို အားမပေးဘူးဆိုတဲ့ အကြောင်း၊ ဒါမှမဟုတ် ကြိုးနီစနစ်ကို ဖြတ်တောက်တာက စီးပွားရေးလုပ်ငန်း တွေကို အားပေးမြှင့်တင်တယ် ဆိုတဲ့အကြောင်း၊ စတာတွေကို လေ့လာဖို့အတွက် လွန်ခဲ့တဲ့ရာစုနှစ် နှစ်ခု၊ သုံးခုလောက်က ဖြစ်ခဲ့တဲ့ကိစ္စတွေကို တကယ်ရော သိဖို့လိုတာလားပေါ့။ ခုနက ဖော်ပြထားတဲ့ အယူအဆတွေတင်မက ကျွန်တော်တို့ခေတ်ရဲ့ ဘောဂဗေဒနဲ့ ပတ်သက်တဲ့ ရှုမြင်တွေးခေါ်မှုတွေ အားလုံးကို၊ ယုတ္တိဗေဒအရ ရေပတ်မဝင်နိုင်လောက်အောင် အခိုင်အမာ တည်ဆောက်ထားတဲ့ သီအိုရီတွေကနေ ထုတ်ယူထားတာ၊ နောက်ပြီး အဲ့ဒီလိုမျိုး ရှုမြင်တွေးခေါ်မှုတွေကိုလည်း ခေတ်ပြိုင် စာရင်းအင်း အထောက်အထား အမြောက်အမြားနဲ့ အပြန်ပြန် အလှန်အလှန် စစ်ဆေးထားတာပဲ မဟုတ်ဘူးလားပေါ့။

ဘောဂဗေဒပညာရှင် အများစုကြီးကတော့ ဒါကို သဘောတူညီကြပါတယ်။ ဘောဂဗေဒရဲ့ သမိုင်းကြောင်း ဘာသာရပ်က ၁၉၈၀ ခုနှစ်တွေအထိ အမေရိကန်တက္ကသိုလ်အများစုရဲ့ ဘွဲ့လွန်ဘောဂဗေဒ သင်တန်းတွေမှာ မသင်မနေရဘာသာ ဖြစ်ခဲ့ပါသေးတယ်။ ဒါပေမဲ့လည်း နောက်ပိုင်းမှာတော့ အဲ့ဒီ တက္ကသိုလ်အများစုအနေနဲ့ ဒီဘာသာရပ်နဲ့ ပတ်သက်တဲ့ သင်တန်းတွေကို ဆက်ပြီး မသင်တော့ပါဘူး။ သီအိုရီပိုင်းကို ပိုဇောင်းပေးတတ်တဲ့ ဘောဂဗေဒပညာရှင်တွေ ကြားထဲမှာဆိုရင် ဘောဂဗေဒရဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်ရင်၊ အကောင်း မြင်တဲ့ဘက်ကဆို ရထားလက်မှတ်စုတဲ့ ဝါသနာလိုမျိုးပဲ အန္တရာယ်ကင်းတဲ့ စိတ်အပန်းဖြေစရာအဖြစ်လောက် ရှုမြင်ချင်တတ်ကြပြီး၊ အဆိုးမြင်တဲ့ဘက်က ဆိုရင်တော့ သင်္ချာနဲ့ စာရင်းအင်းပညာရပ်တွေလို ခက်ခဲတဲ့ အရာတွေကို မကိုင်တွယ်နိုင်တဲ့ ပညာတတ်တွေရဲ့ခိုလှုံရာနေရာလောက် အဖြစ်ကို ရှုမြင်ကြတာမျိုးပါ။

ဒါပေမဲ့လည်း ကျွန်တော့်အနေနဲ့တော့ စာဖတ်သူတွေကို အရင်းရှင်စနစ်ရဲ့သမိုင်းကြောင်း အကျဉ်းချုပ်လောက်ကို တင်ပြချင်ပါတယ် (ဒါပေမဲ့ သိပ်အကျဉ်းချုပ်ရယ်တော့လည်း မဟုတ်ပြန်ပါဘူး)။ ဘာကြောင့်လဲဆိုတော့ မျက်မှောက်ခေတ် စီးပွားရေးရဲ့ ဖြစ်စဉ်တွေကို အပြည့်အဝနားလည်ဖို့ဆို အရင်းရှင်စနစ်ရဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်ပြီး ဗဟုသုတရှိထားဖို့က အလွန်အရေးကြီးလို့ပါပဲ။

## ဘဝက ဝတ္ထုတွေထက် ပိုပြီး ဆန်းကြယ်ပါတယ်၊ သမိုင်းက ဘာကြောင့်အရေးကြီးတာလဲ။

သမိုင်းက ပစ္စုပ္ပန်ကို သက်ရောက်ပါတယ်။ ပစ္စုပ္ပန်မရောက်ခင် ရှေ့မှာ အရင်ဖြစ်ခဲ့တဲ့ အရာတွေမို့လို့ ဆိုတာ ကြောင့်တင် မကပါဘူး။ သမိုင်းက လူတွေရဲ့ ဆုံးဖြတ်ချက်တွေကိုပါ လာပြီးလွှမ်းမိုးနေတာပါ။ အထူးသဖြင့်

Copyright © 2025. Economic Education Program, Inya Economics.

လူတွေက သမိုင်းနဲ့ပတ်သက်ပြီး သူတို့ကိုယ် သူတို့သိထားတယ်လို့ ထင်တဲ့အရာတွေ ကနေ၊ လွှမ်းမိုး တတ်တာမျိုးပါ။

မြောက်များစွာသော မူဝါဒရေးရာ အကြံပြုချက်တွေကို သမိုင်းဆိုင်ရာ နမူနာတွေနဲ့ နောက်ကနေ ထောက်ခံပေးထားပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေကို ဆွဲဆောင်သိမ်းသွင်းဖို့အတွက် လက်တွေ့ဘဝမှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ အံ့သြဘနန်း အဖြစ်အပျက်တွေထက် ပိုပြီးထိရောက်တာ မရှိပါဘူး (အောင်မြင်ခဲ့တာဖြစ်စေ၊ မအောင်မြင်ခဲ့တာပဲဖြစ်စေပါ)။ ဥပမာပြောရင် လွတ်လပ်တဲ့ ကုန်သွယ်ရေးကို အားပေးတဲ့သူတွေဆိုရင်၊ ဗြိတိသျှနှင့် အမေရိကန်တို့ အနေနဲ့ လွတ်လပ်တဲ့ ကုန်သွယ်ရေးကနေတဆင့် ဘယ်လိုဘယ်ပုံ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတွေ ဖြစ်လာကြသလဲ ဆိုပြီး အမြဲထောက်ပြလေ့ ရှိပါတယ်။ တကယ်လို့ သူတို့တင်ဆက်တဲ့ သမိုင်းမူကသာ မမှန်ဘူး ဆိုလို့ရှိရင်၊ အဲ့တာနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ မူဝါဒအကြံပြုချက်တွေမှာ ကိုယ့်ကိုယ်ကို သေချာတယ်ဆိုတဲ့ ခံစားချက်မျိုး ရှိချင်မှရှိတော့မှာပါ (ဒီအကြောင်းအရာနဲ့ ပတ်သက်လို့တော့ နောက်ပိုင်းမှာ ကျနော် ရှင်းပြပါ့မယ်)။ အဲ့ကနေပြီး တခြားသူတွေကို ဆွဲဆောင်သိမ်းသွင်းဖို့ ဆိုတာလည်း သူတို့အတွက် ခက်သွားမှာပေ့ါ။

နောက်ပြီး သမိုင်းက ကျွန်တော်တို့ ဖြစ်ရိုးဖြစ်စဉ် သဘောထားတတ်တဲ့ ယူဆချက်တွေကိုလည်း ပြန်ပြီး မေးခွန်းထုတ်စေပါတယ်။ ဒီနေ့ခေတ်မှာ ရောင်းလို့ ဝယ်လို့မရတဲ့ လူသား(ငွေဝယ်ကျွန်)၊ ကလေး လုပ်သားနဲ့ အစိုးရရာထူးတွေက၊ တချိန်က ဈေးကွက်မှာ ရောင်းလို့ဝယ်လို့ရတယ် ဆိုတာသာ သိသွားလို့ရှိရင်၊ သင့်အနေနဲ့ လွတ်လပ်တဲ့ ဈေးကွက်ရဲ့ အကန့်အသတ်ဆိုတာက၊ ထာဝရမှန်ကန်တဲ့ သိပ္ပံနည်းကျ ဥပဒေအချို့နဲ့ ရေးဆွဲထားတယ်လို့ ဆက်ပြီး ထင်မိတော့မှာ မဟုတ်ပါဘူး။ လွတ်လပ်တဲ့ ဈေးကွက်မှာရှိနေတဲ့ အကန့်အသတ်ဆိုတာတွေကို ပြန်ပြီး ရေးဆွဲလို့ ရတယ်ဆိုတာ မြင်လာမှာပါ။ သင်က အဆင့်မြင့် အရင်းရှင်စီးပွားရေးစနစ်တွေ အနေနဲ့၊ စည်းမျဉ်းစည်းကမ်းနဲ့ ထိန်းချုပ်တာတွေ များပြီး အခွန်တွေ မြင့်မားခဲ့တဲ့၊ ၁၉၅၀ ခုနှစ်တွေနဲ့ ၁၉၇၀ ခုနှစ်တွေ ကြားထဲမှာ အလျင်မြန်ဆုံး ဖွံ့ဖြိုးခဲ့တာကို လေ့လာလိုက်တယ် ဆိုပါတော့။ အဲ့ကနေပြီး စီးပွားရေးဖွံ့ဖြိုးဖို့ အတွက်ဆို၊ အခွန်ကောက်တာနဲ့ ကြိုးနီစနစ်တွေကို လျှော့ချရမယ်ဆိုတဲ့ အမြင်ကို၊ သင့်အနေနဲ့ ချက်ချင်းပဲ သံသယဝင်လာမှာပါ။

ဘောဂဗေဒသီအိုရီတွေရဲ့ အကန့်အသတ်တွေကို ထောက်ပြဖို့လည်း သမိုင်းက အသုံးဝင်ပါတယ်။ တခါတရံ ဘဝက ဝတ္ထုထက် ဆန်းကြယ်တတ်ပါတယ်။ သမိုင်းက ဘယ်ဘောဂဗေဒသီအိုရီ တစ်ခုတည်းနဲ့မှ ရှင်းပြလို့မရနိုင်တဲ့၊ အောင်မြင်တဲ့ စီးပွားရေး အတွေ့အကြုံတွေကို သာဓကပြပေး နေလို့ပါ။ ဒီအတွေ့အကြုံတွေက တဦးချင်းအခြေအနေအတွက် ဖြစ်စေ၊ ကုမ္ပဏီတွေအတွက် ဖြစ်စေ၊ နိုင်ငံတော်အဆင့်ဖြစ်စေ၊ အလွှာအသီးသီးမှာ ရှိပါတယ်။ နမူနာပြောရရင် The Economist မဂ္ဂဇင်းတို့၊ Wall Street Journal တို့လို သတင်းစာတွေပဲ ဖတ်ရင်၊ စင်ကာပူနိုင်ငံရဲ့ လွတ်လပ်တဲ့ ကုန်သွယ်ရေး မူဝါဒအကြောင်းနဲ့၊ နိုင်ငံခြား

Copyright © 2025. Economic Education Program, Inya Economics.

ရင်းနှီးမြှုပ်နှံမှုတွေကို လိုက်လိုက်လှဲလှဲကြိုဆိုတတ်တဲ့ သူ့ရဲ့ သဘောထားတွေကိုပဲ သင့်အနေနဲ့ သိရကြားရပါလိမ့်မယ်။ အဲ့ဒီကနေတဆင့် စင်ကာပူရဲ့ စီးပွားရေးအောင်မြင်မှုက လွတ်လပ်တဲ့ကုန်သွယ်ရေးနဲ့ လွတ်လပ်တဲ့ ဈေးကွက်က စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးဆိုတာကို သက်သေပြနေတယ်လို့ ကောက်ချက်ဆွဲသွားစေနိုင်ပါတယ်။ စင်ကာပူရဲ့ မြေယာအားလုံးကို အစိုးရက ပိုင်ဆိုင်တာ၊ အိမ်ရာရဲ့ ၈၅ ရာခိုင်နှုန်းကို အိမ်ရာဖွံ့ဖြိုးရေး ဘုတ်အဖွဲ့ (The Housing Development Board) ဆိုတဲ့ အစိုးရပိုင် အိမ်ရာ ကိုယ်စားလှယ်အဖွဲ့ကနေ ထောက်ပံ့ထားတာနဲ့ နိုင်ငံတကာမှာဆို ပျမ်းမျှ ၁၀ရာခိုင်နှုန်း ဝန်းကျင်ပဲရှိပေမဲ့ သူ့အနေနဲ့ဆို အမျိုးသားထုတ်ကုန်ရဲ့ ၂၂ ရာခိုင်နှုန်းက အစိုးရပိုင်လုပ်ငန်းတွေက ထုတ်လုပ်နေတာ၊ စတဲ့အချက်တွေကို မသိခင် အထိတော့ ခုနကလိုပဲ ထင်နေမှာပါ။ နီယိုကလက်စီကယ် (ကျမ်းရိုးသစ်)၊ မာက်စ်ဝါဒ၊ ကိန်းစ်ဝါဒ စသည်ဖြင့် သင်ကြိုက်တဲ့ သီအိုရီကို ပြောလိုက်ပါ၊ ဘယ်ဘောဂဗေဒသီအိုရီ တစ်ခုတည်းနဲ့မှ အခုလိုမျိုး လွတ်လပ်တဲ့ ဈေးကွက်နဲ့ ဆိုရှယ်လစ်ဝါဒကို ပေါင်းစပ်ပြီးရလာတဲ့ အောင်မြင်မှုကို မရှင်းပြနိုင်ပါဘူး။ ဒီလိုနမူနာတွေက ဘောဂဗေဒ သီအိုရီတွေရဲ့ အစွမ်းအစကို ပိုသံသယထားဖို့ ဖြစ်စေပြီး၊ မူဝါဒရေးရာနဲ့ ပတ်သက်ပြီး ကောက်ချက်ချတာတွေကိုလည်း ပိုပြီး သတိကြီးကြီးနဲ့ လုပ်မိစေမှာပါ။

နောက်ဆုံးဆိုပေမယ့်လည်း ထပ်ပြီး အရေးပါတဲ့ အချက်ကတော့၊ သက်ရှိထင်ရှားလူတွေနဲ့ လက်တွေ့စမ်းသပ်တာတွေကို တတ်နိုင်သမျှ ရှောင်ရမယ်ဆိုတဲ့ ကိုယ်ကျင့်တာဝန် (Moral Duty) အတွက်လည်း ကျွန်တော်တို့အနေနဲ့ သမိုင်းကို ပြန်လေ့လာဖို့ လိုပါတယ်။ ယခင် ဆိုရှယ်လစ်အစု ကလုပ်တဲ့ ဗဟိုစီမံကိန်းစီးပွားရေးစနစ်ကစလို့ (အဲ့ဒီနောက်ပိုင်း သူတို့ရဲ့ Big Bang ပေါက်ကွဲမှုလိုမျိုး အရင်းရှင်စနစ်ကို ပြန်ကူးပြောင်းတာအပါအဝင်)၊ စီးပွားပျက်ကပ်နောက်ပိုင်း ဥရောပနိုင်ငံအများစုက ဆောင်ရွက်ခဲ့တဲ့ မအောင်မြင်သော ခြိုးခြံချွေတာရေး မူဝါဒ (Austerity Policies) တွေ အလယ်၊ ၁၉၈၀ ခုနှစ်တွေနဲ့ ၁၉၉၀ ခုနှစ်တွေအတွင်း အမေရိကန်နဲ့ ဗြိတိန်က ခွဲဖြာစီးဆင်းလာသော စီးပွားရေး အယူအဆ (Trickle-down Economics) ရဲ့ ကျဆုံးမှုတွေ အဆုံး၊ သမိုင်းက အစွန်းရောက်တဲ့ မူဝါဒရေးရာ စမ်းသပ်ချက်တွေနဲ့ ပြန့်ကျဲလို့ နေပါတယ်။ အဲ့ဒီ မူဝါဒရေးရာ စမ်းသပ်ချက်တွေကပဲ သန်းနဲ့ချီတဲ့ဘဝတွေ၊ တချို့အခြေအနေမှာဆို သန်းကိုမှ ဆယ်နဲ့ချီတဲ့ လူတွေရဲ့ဘဝကို ဖျက်ဆီးခဲ့တာပါ။

သမိုင်းကို လေ့လာတာက ပစ္စုပ္ပန်မှာ အမှားတွေ လုပ်တာကို လုံးဝရှောင်နိုင်စေမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေရဲ့ ဘဝတွေကို သက်ရောက်မယ့် မူဝါဒတစ်ခုကို မရေးဆွဲခင်၊ သူ့ရှိက တတ်နိုင်သမျှ သင်ခန်းစာတွေ ထုတ်ယူနိုင်ဖို့အတွက်၊ ကျွန်တော်တို့ လေ့လာသင့်တာပါ။ အပေါ်မှာ တင်ပြခဲ့တဲ့ ဘယ်အချက်ကပဲ ဖြစ်ဖြစ် သင့်ကို ဆွဲဆောင်နိုင်တယ်ဆိုရင်၊ ကျေးဇူးပြုပြီး နောက်လာမယ့် အပိုင်းတွေကို ဖတ်ကြည့်ပေးပါ။ အဲ့ဒီထဲမှာ သင်အရင်က သိတယ်လို့ ထင်ထားတဲ့ သမိုင်းဆိုင်ရာ အချက်အလက်တွေကို စိန်ခေါ် ခံရနိုင်ပါတယ်။ နောက်ထပ်

Copyright © 2025. Economic Education Program, Inya Economics.

မျှော်လင့်ရတာတော့ အရင်းရှင်စနစ်နဲ့ ပတ်သက်ပြီး သင်နားလည်ထားတာတွေလည်း၊ နည်းနည်းလောက်ပဲ ဖြစ်ဖြစ် ပြောင်းလဲသွားဖို့ပါပဲ။

## ကုန်းလိပ်နှင့် မြေ၊ အရင်းရှင်စနစ်မတိုင်ခင်က ကမ္ဘာ့စီးပွားရေး

***အနောက်ဥရောပက အလွန်ကို နှေးကွေးစွာနဲ့ ကြီးထွားနေခဲ့ပါတယ်.......***

အရင်းရှင်စနစ်က အနောက်ဥရောပ၊ အထူးသဖြင့် ဗြိတိန်နဲ့ ကုန်းနိမ့်နိုင်ငံတွေဖြစ်တဲ့ ယနေ့ ဘယ်ဂျီယံနိုင်ငံနဲ့ နယ်သာလန်နိုင်ငံတို့မှာ၊ ၁၆ ရာစုနှင့် ၁၇ ရာစု ဝန်းကျင်မှာ စတင်ခဲ့ပါတယ်။ အဲ့အချိန်လောက်ထိ စီးပွားရေးဖွံ့ဖြိုးတိုးတတ်မှု အနေအထားအရ အနောက်ဥရောပနဲ့ ယှဉ်လို့ရတဲ့ တရုတ်နဲ့ အိန္ဒိယမှာ မဟုတ်ဘဲ၊ ဘာလို့အဲ့မှာစခဲ့တာလဲ ဆိုတာကတော့ ပြင်းထန်ပြီး ရှည်ကြာစွာ ငြင်းခုန်နေကျတဲ့ အကြောင်းအရာတစ်ခုပဲ ဖြစ်ပါတယ်။ တရုတ်အထက်လွှာတွေရဲ့ ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုလုပ်ငန်းလိုမျိုး လက်တွေ့အသုံးဝင်တဲ့ အရာတွေဘက် လိုက်စားတာကို မနှစ်မြို့တာ၊ အမေရိကတိုက်ကို ရှာတွေ့တာနဲ့ ဗြိတိန်ရဲ့ ကျောက် မီးသွေးတွင်းတွေ ဖြန့်ကျက် တည်ရှိတဲ့ပုံစံ၊ စတဲ့အချက်တွေ အားလုံးကို ဒီဟာနဲ့ပတ်သက်တဲ့ အကြောင်းပြချက် တွေအဖြစ်နဲ့ သတ်မှတ်ကြပါတယ်။ ဒီငြင်းခုန်မှုက ကျွန်တော်တို့ကို ဒီနေရာမှာ ကြန့်ကြာနေစေဖို့ မလိုအပ်ပါဘူး။ သေချာတဲ့ အချက်ကတော့ အရင်းရှင်စနစ်က အနောက်ဥရောပမှာ ပထမဆုံး ဖွံ့ဖြိုးခဲ့ပါတယ်။

အနောက်ဥရောပ လူ့အဖွဲ့အစည်း အနေနဲ့လည်း အရင်းရှင်စနစ် မပေါ်ထွက်လာခင် ကာလတွေမှာတော့၊ တခြားနေရာက အရင်းရှင်စနစ်မတိုင်ခင် လူ့အဖွဲ့အစည်းတွေမှာလိုပဲ၊ အလွန်တရာ နှေးကွေးစွာနဲ့ပဲ ပြောင်းလဲနေခဲ့ပါတယ်။ လူ့အဖွဲ့အစည်းကို အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေး အဓိကထားလို့ ဖွဲ့စည်းထားခဲ့တာဖြစ်ပြီး၊ အဲ့ဒီကဏ္ဍမှာလည်း တူညီတဲ့ နည်းပညာတွေကိုပဲ ရာစုနှစ်တွေ ကြာတဲ့အထိ သုံးနေခဲ့တာပါ။ ကူးသန်းရောင်းဝယ်ရေးနဲ့ လက်မှုပညာလုပ်ငန်းတွေကတော့ အတိုင်းအတာ တစ်ခုအထိ ရှိနေ ခဲ့ပါတယ်။

၁၀၀၀ နဲ့ ၁၅၀၀ ပြည့်နှစ်အတွင်း အလယ်ခေတ် အနောက်ဥရောပမှာ၊ လူတဦးချင်းဝင်ငွေက တနှစ်ကို ၀.၁၂ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ ၁၅၀၀ ခုနှစ်မှာရှိတဲ့ ဝင်ငွေက ၁၀၀၀ ပြည့်နှစ်မှာရှိတဲ့ ဝင်ငွေထက် ၈၂ ရာခိုင်နှုန်းပဲ မြင့်လာတဲ့သဘောပါ။ ဒီနှုန်းကို၊ တနှစ် ၁၁ ရာခိုင်နှုန်းနဲ့ သွားခဲ့တဲ့ တရုတ်ပြည်ရဲ့ ၂၀၀၂ နဲ့ ၂၀၀၈ ခုနှစ်ဆိုတဲ့ ၆နှစ်တာ ကာလအတွင်း ဖွံ့ဖြိုးနှုန်းနဲ့၊ နှိုင်းယှဉ် ကြည့်လို့ရပါတယ်။ ဒီနှိုင်းယှဉ်မှုကနေ ပြနေတာကတော့၊ ရုပ်ဝတ္ထုပစ္စည်း တိုးတတ်မှုဘက်က ကြည့်ရင်၊ ဒီနေ့ခေတ် တရုတ်ရဲ့ တနှစ်စာ တိုးတတ်မှု

အနေအထားက၊ အလယ်ခေတ် အနောက်ဥရောပရဲ့ ၈၃ နှစ်စာ အနေအထားနဲ့ ညီမျှနေတဲ့ သဘောပါ။ ဒီ ၈၃ နှစ်ဆိုတဲ့ အချိန်ကလည်း အဲ့အချိန်က ပျမ်းမျှသက်တမ်း ၂၄ နှစ်ပဲ ရှိခဲ့တဲ့၊ အလယ်ခေတ်ဥရောပက ဘဝသက်တမ်းရဲ့သုံးပုံတစ်ပုံနဲ့ သွားပြီး ညီမျှနေပြန်ပါတယ်။

***.......ဒါပေမဲ့ အဲ့ဒီတိုးတတ်မှုနှုန်းက အဲ့ချိန်က ကမ္ဘာကြီးရဲ့ တခြားနေရာတွေနဲ့ ယှဉ်ရင် ပိုမြန်နေပါသေးတယ်။***

အပေါ်ကလို နှိုင်းယှဉ်ပြောလို့ရပေမဲ့၊ အဲ့ဒီ အနောက်ဥရောပရဲ့ တိုးတတ်မှုနှုန်းက၊ ရုရှားအပါအဝင် အာရှနဲ့ အရှေ့ဥရောပက တိုးတက်မှုနှုန်းတွေနဲ့ ယှဉ်လိုက်ရင်တော့၊ ရှေ့ကနေ အရှိန်အဟုန်နဲ့ ပြေးနေခဲ့တဲ့ သဘော ဖြစ်နေပါသေးတယ်။ သူတို့ဆိုရင် အနောက်ဥရောပရဲ့ သုံးပုံးတစ်ပုံသော နှုန်းထားဖြစ်တဲ့ ၀.၀၄ ရာခိုင်နှုန်းပဲ ရှိတယ်လို့ ခန့်မှန်းကြတာပါ။ ဆိုလိုတာကတော့ သူတို့ရဲ့ ဝင်ငွေက ထောင်စုနှစ်ရဲ့ ထက်ဝက်ကြာပြီးတဲ့အထိ ၂၂ ရာခိုင်နှုန်းပဲ တိုးခဲ့တဲ့ သဘောပါ။ အနောက်ဥရောပက ကုန်းလိပ်တကောက်လို ရွေ့လျားနေခဲ့တဲ့ ပုံမျိုးဖြစ်နိုင်ပြီး၊ ကမ္ဘာရဲ့တခြားနေရာတွေကတော့ မြွေတကောင်လို သွားနေခဲ့တဲ့ အခြေအနေမျိုးပါ။

## အရင်းရှင်စနစ်ရဲ့အာရုံဦး၊ ၁၅၀၀-၁၈၂၀ ပြည့်နှစ် ကာလ

***အရင်းရှင်စနစ်က ဖြည်းဖြည်းချင်း မွေးဖွားလာပါတယ်။***

အရင်းရှင်စနစ်က ၁၆ ရာစုမှာ မွေးဖွားခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မွေးဖွားမှုက အရမ်းနှေးတဲ့အတွက် သူ့ကို ကိန်းဂဏန်းတွေကနေ ခြေရာခံကြည့်ဖို့ ခက်ပါတယ်။ ၁၅၀၀ နဲ့ ၁၈၂၀ ခုနှစ်တွေအတွင်း၊ အနောက်ဥရောပမှာ တဦးချင်းဝင်ငွေ တိုးတတ်မှုနှုန်းက ၀.၁၄ ရာခိုင်နှုန်းသာ ရှိခဲ့ပြီး၊ ဒီနှုန်းက ၁၀၀၀ ပြည့်နှစ်ကနေ ၁၅၀၀ ပြည့်နှစ်အတွင်းမှာရှိတဲ့ ၀.၁၂ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် လက်တွေ့အားဖြင့် လုံးဝနီးပါး အတူတူပဲ ဖြစ်ပါတယ်။

ဗြိတိန်နဲ့ နယ်သာလန်တို့မှာတော့ ၁၈ ရာစုနှစ်နှောင်းပိုင်းလောက်ကစပြီး၊ သိသာထင်သာတဲ့ တိုးတက်မှုနှုန်း အရှိန်မြင့်လာတာမျိုး ရှိလာပါပြီ။ အထူးသဖြင့် ဝါဂွမ်းအထည်လိပ်နဲ့ သံထည်ကဏ္ဍ တွေမှာပါ။ ရလဒ်အနေနဲ့ကတော့ ၁၅၀၀ ပြည့်နှစ်ကနေ ၁၈၂၀ ပြည့်နှစ်အတွင်း ဗြိတိန်နဲ့ နယ်သာလန် တို့က စီးပွားရေး တိုးတတ်မှုနှုန်းအရ တဦးချင်းဝင်ငွေအနေနဲ့ တနှစ်ကို ၀.၂၇ ရာခိုင်နှုန်းနဲ့ ၀.၂၈ ရာခိုင်နှုန်း အသီးသီးစီ ရရှိခဲ့ကြတာပါ။ ဒီနေ့ခေတ်စံနှုန်းတွေနဲ့ဆို၊ ဒီတိုးတက်မှုနှုန်းတွေက အရမ်းနိမ့်ပါတယ်။ ဒါပေမဲ့ အနောက်ဥရောပရဲ့ ပျမ်းမျှ

တိုးတက်မှုနှုန်းနဲ့ ယှဉ်လိုက်ရင်တော့ နှစ်ဆလောက်အထိကို ရှိခဲ့တာပါ။ အဲ့ဒီဟာရဲ့ နောက်ကွယ်မှာတော့ အပြောင်းအလဲတွေ အများကြီးရှိနေခဲ့ပါတယ်။

### ***အသစ်အသစ်သော သိပ္ပံပညာရပ်၊ နည်းပညာနဲ့ အင်ဂျင်နီယာအကျုံးရှင်းများ ပေါ်ထွက်လာခဲ့ပါတယ်၊***

အရင်ဆုံးလာတဲ့ အပြောင်းအလဲကတော့ ကမ္ဘာကြီးကို နားလည်ဖို့အတွက်၊ 'ဆင်ခြင်တုံတရား အခြေခံပြီး ချဉ်းကပ်'တဲ့ဘက်ကို ရွေ့လာတဲ့ ယဉ်ကျေးမှုပါ။ ဒီဟာကပဲ ခေတ်သစ် သင်္ချာနဲ့ သိပ္ပံပညာရပ်တွေကို ပေါ်ထွက်လာဖို့ အထောက်အကူပြုခဲ့ပါတယ်။ အနောက်ဥရောပသားတွေအနေနဲ့ ဒီအတွက် စိတ်ကူးအကြံဉာဏ်အများစုကို၊ ကနဦးမှာ အာရပ်ကမ္ဘာနဲ့ အာရှကနေ မွေးစားခဲ့ပါတယ်။ ဒါပေမဲ့ ၁၆ ရာစုနဲ့ ၁၇ ရာစုအရောက်မှာတော့ သူတို့ ကိုယ်ပိုင်တီထွင်မှုတွေကို စပြီး ပေါင်းထည့် လာနိုင်ပါပြီ။ ခေတ်သစ်သိပ္ပံပညာနဲ့ သင်္ချာတို့ရဲ့ တည်ထောင်သူတွေဖြစ်တဲ့ ကော့ပါးနီးကပ်၊ ဂယ်လီလီယို၊ ဖားမက်၊ နယူတန်နဲ့ လိုင်ဘ်နစ်ဇ်စတဲ့သူတွေ ဆိုရင်လည်း ဒီခေတ်ကပဲ လာတာပါ။ ဒီလိုမျိုး သိပ္ပံပညာရဲ့ တိုးတတ်မှုတွေက ကျယ်ပြန့်တဲ့ စီးပွားရေးစနစ်ထဲကို ချက်ခြင်းကြီးတော့ သွားပြီး အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဲ့ဒီ ဖြစ်ပေါ်တိုးတတ်မှု တွေကပဲ နောက်ပိုင်းမှာ အသိပညာကို စနစ်တကျတည်ဆောက်ဖို့ (Systematization of Knowledge) အတွက် ဖြစ်လာစေခဲ့ပြီး၊ ဒီကနေမှ တဦးချင်းအပေါ် သိပ်မမှီခိုတဲ့ နည်းပညာဆိုင်ရာ တီထွင်မှုတွေကို လုပ်နိုင်လာစေခဲ့ပါတယ်။ အဲ့ဒါကြောင့်ပဲ ခုနက တီထွင်မှုတွေကို တနေရာက တနေရာ လွှဲပြောင်းရတာ ပိုလွယ်ကူစေခဲ့ပြန်ပြီး၊ နည်းပညာအသစ်တွေ ပျံ့နှံ့ဖို့နဲ့ စီးပွားရေး တိုးတတ်ဖို့ကို အားပေးခဲ့ပါတယ်။

၁၈ ရာစုအရောက်မှာတော့ စက်မှုအခြေပြု ကုန်ထုတ်လုပ်ရေးစနစ် ပေါ်ထွန်းမှုရဲ့ ရှေ့ပြေးအဖြစ် မြောက်မြားစွာသော နည်းပညာအသစ်တွေ ပေါ်ထွက်လာခဲ့ပါတယ်။ အထူးသဖြင့် အထည်ချုပ်၊ သံမဏိနဲ့ ဓာတုလုပ်ငန်းတွေမှာပါ။ အဒမ်စမစ်ရဲ့ ပင်အပ်စက်ရုံ နမူနာထဲကလို သေသပ်တဲ့ အလုပ်တာဝန်ခွဲဝေမှုကလည်း၊ ၁၉ ရာစုအစောပိုင်းကစပြီး ပျံ့နှံ့လာခဲ့တဲ့ မရပ်မနားလည်ပတ်တဲ့ စက်တပ်ဆင်ရေးလမ်းကြောင်း (Assembly Lines) တွေကို အသုံးပြုတာနဲ့ အတူတူ ဆက်ပြီး ကြီးထွားလာခဲ့ပါတယ်။ ဒီလိုမျိုး ကုန်ထုတ်လုပ်ရေးမှာ အသုံးပြုတဲ့ နည်းပညာအသစ်တွေ ပေါ်ထွက်လာတာရဲ့ အဓိကမောင်းနှင်အား တစ်ခုကတော့၊ ထွက်ကုန်တွေကို ပိုရောင်းချနိုင်ပြီး အဲ့ကနေ အမြတ်တွေ ပိုရနိုင်ဖို့ဆိုတဲ့ စိတ်ဆန္ဒကနေ ပြီးတော့ပါ။ တနည်းပြောရရင်တော့ အရင်းရှင်စနစ်ရဲ့ ကုန်ထုတ်လုပ်ရေးနည်းလမ်းတွေ ပျံ့နှံ့လာတဲ့ သဘောပါပဲ။ စမစ်က သူ့ရဲ့ အလုပ်တာဝန်ခွဲဝေမှု သီအိုရီမှာ ဆွေးနွေးခဲ့သလိုပဲ၊ ထွက်ကုန် တိုးပွားလာမှုက ပိုပြီးသေသပ်တဲ့ အလုပ်တာဝန်ခွဲဝေမှုကို အကောင်အထည်ဖော်လာနိုင်စေပြီး၊ အဲ့တာကပဲ ကုန်ထုတ်စွမ်းအား(Productivity)ကို တိုးတက်စေကာ၊

ဒီကနေမှ ထွက်ကုန်(Output) ကိုပါ တိုးစေပြန်ပါတယ်။ ဒီလိုကနေ ထွက်ကုန်တိုးတက်မှုနဲ့ ကုန်ထုတ်စွမ်းအား တိုးတက်မှုကြား အကောင်းချင်း ထပ်နေတဲ့ စက်ဝန်း (Virtuous Cycle) ကို ဖြစ်လာစေတာပါ။

ဖြစ်ပေါ်လာတဲ့ အရင်းရှင်စနစ် ကုန်ထုတ်လုပ်ရေးရဲ့ အခြေအနေသစ်တွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ စီးပွားရေးဆိုင်ရာ အင်စတီကျူးရှင်းအသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ ဈေးကွက်ကတဆင့် အရောင်း အဝယ်လုပ်တာတွေ တွင်ကျယ်လာတာနဲ့ အတူတူပဲ၊ ဘဏ်တွေကလည်း အဲ့ဒီအရောင်းအဝယ် တွေကို ချောချောမွေ့မွေ့ ဖြစ်အောင် လုပ်နိုင်ဖို့အတွက် ဆင့်ကဲပြောင်းလဲ လာခဲ့ပါတယ်။ အချမ်းသာဆုံး ဆိုတဲ့ တသီးပုဂ္ဂလသမားတွေမှာရှိတဲ့  ပိုင်ဆိုင်မှု ဓနဥစ္စာထက်ကို အရင်းအနှီး ပိုလိုအပ်တဲ့၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း အသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ အဲ့ဒီအခြေအနေကပဲ ကော်ပိုရေးရှင်း တွေ၊ အကန့်အသတ်နဲ့သာ ပေးချေရန် တာဝန်ရှိသောကုမ္ပဏီ (Limited Liability Company)နဲ့ စတော့ခ်ဈေးကွက်တွေကို ဖန်တီးဖို့ အခြေအနေတွေ ဖြစ်စေခဲ့ပါတယ်။

## *ကိုလိုနီပြုကျင့် နယ်ချဲ့မှုများ စတင်လာခဲ့ပါတယ်၊*

အနောက်ဥရောပနိုင်ငံတွေက ၁၅ ရာစုအစောပိုင်းကနေစပြီး အလျင်အမြန်ပဲ နယ်မြေချဲ့ထွင် လာခဲ့ပါတယ်။ စူးစမ်းရှာဖွေမှုခေတ်ရယ်ဆိုပြီး စကားတန်ဆာဆင်ထားတဲ့ ဒီနယ်မြေချဲ့ထွင်မှုမှာ၊ ဌာနေတိုင်းရင်းသားတွေ စီကနေပြီး လုပ်အားအတွက်လူ၊ မြေယာနဲ့ သယံဇာတရင်းမြစ်တွေကို နယ်ချဲ့စနစ်ကနေတဆင့် သိမ်းယူတာတွေ ပါဝင်ခဲ့ပါတယ်။

၁၅ ရာစုနှောင်းပိုင်းကစလို့ အာရှမှာဆို ပေါ်တူဂီနဲ့ အမေရိကတိုက်မှာဆို စပိန်တို့က ဒီဇာတ်လမ်းကို စခဲ့ကြတာပါ။ အဲ့ဒီကစလို့ အနောက်ဥရောပနိုင်ငံတွေက အညာအတာကင်းမဲ့စွာ ဆက်ပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၈ ရာစုအလယ်လောက် ရောက်တဲ့အခါမှာတော့ ဗြိတိန်၊ ပြင်သစ်နဲ့ စပိန်တို့ ကြားထဲမှာ မြောက်အမေရိကတိုက်ကို ဝေပုံကြခွဲယူထားပြီးပါပြီ။ လက်တင်အမေရိကနိုင်ငံ အများစုဆိုရင် ၁၈၁၀နဲ့ ၁၈၂၀ ခုနှစ်တွေအထိ စပိန်နဲ့ ပေါ်တူဂီတို့ရဲ့ အုပ်ချုပ်တာကို ခံခဲ့ရပါတယ်။ ဗြိတိန်က အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းထဲက အချို့(အထူးသဖြင့် ဘန်ဂေါဒေသနဲ့ ဘီဟာဒေသ)၊ ပြင်သစ်က အရှေ့တောင် ကမ်းရိုးတမ်းဒေသနဲ့ ပေါ်တူဂီက မျိုးစုံသော ပင်လယ်ကမ်းခြေဧရိယာ (အထူးသဖြင့် ဂိုအာဆိပ်ကမ်း)တို့ကို အသီးသီးအုပ်ချုပ်ခဲ့ကြတာပါ။ သြစတြေးလျ ကိုလည်း အဲ့ဒီကာလလောက်မှာပဲ စတင်ပြီး အခြေချလာခဲ့တာဖြစ်ပြီး၊ ပထမဆုံး အကျဉ်းသားတွေကို ပို့တဲ့ ကိုလိုနီကို ၁၇၈၈ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ အာဖရိကတိုက်ရဲ့နေရာအများစုကတော့ အဲ့ဒီအချိန်အထိ က သက်ရောက်ခံရတာ မရှိသေးပဲ၊ ကမ်းရိုးတန်းတစ်လျှောက် ပေါ်တူဂီနဲ့ ဒတ်ချ်လူမျိုးတွေက ကိုလိုနီငယ်လေး တွေအဖြစ် အခြေချတာလောက်ပဲ ရှိပါသေးတယ်။ ပေါ်တူဂီတွေက အရင်လူမနေကျတဲ့ Cape Verde ကျွန်းနဲ့

Sao Tome ကျွန်း၊ Principe ကျွန်းတို့မှာ ဖြစ်ပြီး၊ ၁၇ရာစုမှာတော့ ဒတ်ချ်တွေက ကိပ်တောင်းမြို့ပေါ်မှာ အခြေချခဲ့ကြတာပါ။

ကိုလိုနီစနစ်က အရင်းရှင်စနစ်ရဲ့ သဘောတရားတွေအပေါ် အခြေခံပြီး လည်ပတ်ခဲ့ပါတယ်။ သင်္ကေတ သဘောအရ ပြောမယ်ဆိုရင်တော့၊ ၁၈၁၅ အထိ အိန္ဒိယမှာရှိခဲ့တဲ့ ဗြိတိသျှတို့ရဲ့ အုပ်ချုပ်ရေးကို အရှေ့အိန္ဒိယ ဆိုတဲ့ ကော်ပိုရေးရှင်းတစ်ခုက စီမံဆောင်ရွက်ခဲ့တာဖြစ်ပြီး၊ ဗြိတိသျှအစိုးရက ဆောင်ရွက်ခဲ့တာ မဟုတ်ပါဘူး။ ဒီကိုလိုနီနယ်မြေတွေကနေ သယံဇာတ အရင်းအမြစ်အသစ်တွေကို ဥရောပတိုက်ရှိ ပြန်ပို့ပေးပါတယ်။ အစောပိုင်း နယ်မြေချဲ့ထွင်မှုတွေ မှာတော့ ပိုက်ဆံအဖြစ် အသုံးပြုလို့ရတဲ့ တန်ဖိုးရှိသတ္တုတွေ(ရွှေနှင့် ငွေ)နဲ့ အမွှေးအကြိုင်တွေ (အထူးသဖြင့် ငရုတ်ကောင်းမှုန့်)ကို ရှာဖွေဖို့တို့က အဓိကတွန်းအားဖြစ်ခဲ့ပါတယ်။ အချိန်ကြာတာနဲ့အမျှ အမျိုးစုံ အာဖရိကတိုက်က ဖမ်းမိလာတဲ့ ကျွန်တွေကို အသုံးပြုတဲ့ စိုက်ခင်းတွေကို ကိုလိုနီနယ်မြေ အသစ်တွေမှာ ထူထောင်လာကြပါတယ်။ အဓိကအားဖြင့်တော့ အမေရိကန်၊ ဘရာဇီးလ်နဲ့ ကာရစ်ဘီယန်ဒေသတို့မှာပါ။ အဲ့ကနေမှ ဥရောပကို ကောက်ပဲသီးနှံ အသစ်တွေအနေနဲ့ ပြန်သယ် သွားကြပါတယ်။ နမူနာဆိုရင်တော့ သကြား(ကြံ)၊ ရာဘာ၊ ဝါဂွမ်းနဲ့ ဆေးရွက်ကြီးတို့ပါ။ ကမ္ဘာသစ်က အချို့သော ကောက်ပဲသီးနှံတွေကို ဥရောပနဲ့ တခြားနေရာတွေမှာပါ စိုက်ပျိုးလာကြပြီး၊ အဲ့တာတွေက ကြာတော့ သူတို့ရဲ့ အခြေခံ စားသောက်ဖွယ်ရာတွေ ဖြစ်လာခဲ့ကြပါတယ်။ ဗြိတိသျှတွေမှာ သူတို့ရဲ့ အာလူးချောင်းကြော်တွေ မရှိတဲ့၊ အီတလီတွေမှာဆို ခရမ်းချဉ်သီးနဲ့ ပြောင်းဖူး သို့မဟုတ် ပြောင်းဖူးစေ့နဲ့ လုပ်တဲ့ Polenta ကင်းမဲ့တဲ့၊ အိန္ဒိယ၊ ထိုင်းနဲ့ ကိုရီးယားတွေအတွက်ဆို ငရုတ်သီး မစားဘူးသေးတဲ့ အချိန်တွေကို တွေးကြည့်ရတာက စိတ်ကူးနိုင်စွမ်း ကို တော်တော်လေး ဖြန့်ကျက်မိစေပါတယ်။

## ***ကိုလိုနီစနစ်က အမာရွတ်တွေ အများကြီး ချန်ခဲ့ပါတယ်၊***

အခုအခါမှာ ကာလရှည်ကြာရှိနေတဲ့ ဆွေးနွေးငြင်းခုန်မှု တစ်ခုရှိပါတယ်။ အဲ့ဒါကတော့ အရင်းရှင်စနစ်အနေနဲ့ ၁၆ ရာစုကနေ ၁၈ ရာစုအတွင်း ကိုလိုနီစနစ်ကရတဲ့၊ သယံဇာတ အရင်းအမြစ်တွေမပါပဲနဲ့ ဖွံ့ဖြိုးလာဖို့ ဖြစ်နိုင် မဖြစ်နိုင်ဆိုတာနဲ့ ပတ်သက်ပြီးတော့ပါ။ ဒီမှာ သယံဇာတ အရင်းအမြစ်တွေ ဆိုတာက၊ ပိုက်ဆံအဖြစ် အသုံးပြုတဲ့ အဖိုးတန်သတ္တုတွေ၊ အာလူးနဲ့ သကြားတို့လို အစားအသောက် အရင်းအမြစ် အသစ်တွေနဲ့၊ ဝါဂွမ်းလို စက်မှုလုပ်ငန်းတွေအတွက် သွင်းအားစု တွေကို ဆိုလိုတာပါ။ ဒီလို သယံဇာတ အရင်းအမြစ်တွေကနေ ကိုလိုနီပြုကျင့်တဲ့သူတွေက အကျိုးအမြတ် ကြီးကြီးမားမား ရသွားတာ ဘာမှမေးခွန်းထုတ်စရာကို မလိုပေမဲ့၊ အဲ့ဒီနိုင်ငံတွေရဲ့ အရင်းရှင်စနစ်က ဒီကရတဲ့ သယံဇာတ အရင်းအမြစ်တွေမပါပဲနဲ့တောင် ဖွံ့ဖြိုးကောင်း

Copyright © 2025. Economic Education Program, Inya Economics.

ဖွံ့ဖြိုးခဲ့နိုင်ပါတယ်။ ဒါပေမဲ့ ကိုလိုနီစနစ်က ကိုလိုနီပြုကျင့်ခံခဲ့ရတဲ့ လူ့အဖွဲ့အစည်းတွေကို ဖွတ်ဖွတ်ညက်ညက် ကြေစေခဲ့တာကတော့ မေးခွန်းထုတ်စရာကို မလိုတာပါ။

ဌာနေတိုင်းရင်းသားတွေက မျိုးဖြုတ်ခံရတဲ့အထိ၊ မဟုတ်ရင်တောင် အနည်းငယ်လောက်ပဲ ကျန်တဲ့အထိကို တိုက်ထုတ်ခံခဲ့ရပါတယ်။ သူတို့ရဲ့ မြေယာနဲ့ အဲ့ဒီမြေယာမှာရှိတဲ့ မြေပေါ်မြေအောက် သယံဇာတ အရင်းအမြစ်တွေကိုလည်း ယူဆောင်ခံခဲ့ရပါတယ်။ ဒေသခံလူမျိုးစုတွေကို ဖယ်ထုတ်တာက ဘယ်လောက်ထိ တောင်ဆိုးလဲဆိုရင်၊ ၂၀၀၆ ခုနှစ်မှာ ရွေးကောက်ခံရတဲ့ ဘိုလစ်ဗီးယားနိုင်ငံရဲ့ လက်ရှိသမ္မတ ဖြစ်တဲ့ အီဗိုလ် မိုရေးလ်စ် Evo Morales ဆို၊ အမေရိကတိုက်ကို ဥရောပသားတွေ ရောက်လာတဲ့ ၁၄၉၂ ခုနှစ်ထဲကနေပြီး အခုထိကိုမှ၊ ဒေသခံလူမျိုးစုတွေထဲကနေ နိုင်ငံအကြီးအကဲ ဖြစ်လာတဲ့ ဒုတိယမြောက်တစ်ယောက်ပဲ ရှိပါ သေးတယ် (ပထမဆုံး အကြီးအကဲဖြစ်ခဲ့တဲ့သူကတော့ ၁၈၅၈ ခုနှစ်ကနေ ၁၈၇၂ ခုနှစ်ကြား မက္ကစီကိုနိုင်ငံ သမ္မတဖြစ်တဲ့ ဘန်နီတို ဂျာရဇ် Benito Juarez ဖြစ်ပါတယ်)။

သန်းနဲ့ချီသော အာဖရိကသားတွေဟာ ဥရောပသားတွေနဲ့ အာရပ်တွေရဲ့ ဖမ်းဆီးခံခဲ့ကြရပြီး၊ ကျွန်အဖြစ် သင်္ဘောနဲ့တင်ပို့တာကို ခံခဲ့ကြရပါတယ်(ယေဘုယျခန့်မှန်းချက် တစ်ခုမှာဆို ၁၂ သန်းလောက် ရှိတယ်ဆိုပါတယ်)။ ဒီနေရာမှာ ကြမ်းကြုတ် ဆိုးရွားတဲ့ ခရီးစဉ်ကြီးတလျှောက် ရှင်သန်ကျန်ရစ်ပြီးမှ၊ ကျွန်အဖြစ် အပို့ခံရတဲ့ သူတွေအတွက်သာ ကံဆိုးမိုးမှောင်ကျမှု မဟုတ်ပါဘူး။ ဒီဖြစ်စဉ်ကနေ အလုပ်သမားတွေနေခဲ့တဲ့ အာဖရိက လူ့အဖွဲ့အစည်းများစွာကို ပြန်းတီးကုန်ခမ်း သွားစေပြီး၊ သူတို့ရဲ့ လူမှုအဆောက်အအုံကိုပါ ဖျက်စီးပစ်ခဲ့တာပါ။ နိုင်ငံတွေကိုလည်း စိတ်ကူးပေါက်သလို သတ်မှတ်တဲ့ နယ်နိမိတ် မျဉ်းတွေနဲ့၊ ဗလာအခြေအနေတွေကနေ ဖန်တီးခဲ့ကြပါတယ်။ ဒီဟာကပဲ အဲ့ဒီနိုင်ငံတွေရဲ့ ပြည်တွင်းနိုင်ငံရေးနဲ့ နိုင်ငံတကာနိုင်ငံရေးကို ဒီနေ့အချိန်အထိ သက်ရောက်စေခဲ့တာပါ။ အာဖရိကတိုက်မှာရှိတဲ့ နယ်စပ်အများစု တဖြောင့်တည်း ဖြစ်နေတာက အဲ့ဒီအချက်ကို သက်သေခံနေပါတယ်။ သဘာဝအတိုင်းဖြစ်တဲ့ နယ်စပ်တွေက ဘယ်တော့မှ တဖြောင့်တည်း မဖြစ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ နယ်စပ်တွေဆိုတာက မြစ်တွေ၊ တောင်စောင်းတွေနဲ့ တခြားပထဝီမြေမျက်နှာ အသွင်အပြင်အရပဲ ဖွဲ့စည်းဖြစ်ပေါ်တတ်ကြတာမို့လို့ပါ။

တခါတရံကျတော့ ကိုလိုနီစနစ်ဆိုတာက စီးပွားရေးအရ ပိုပြီးခေတ်မှီနေတဲ့ဒေသတွေက တည်ဆဲ ကုန်ထုတ်လုပ်ရေး လုပ်ငန်းဆောင်တာတွေကို၊ ရည်ရွယ်ချက်ရှိရှိနဲ့ ဖျက်ဆီးတာကိုလည်း ဆိုလိုပြန်ပါတယ်။ ပိုအရေးကြီးတာကတော့ ၁၇၀၀ ပြည့်နှစ်မှာ ဗြိတိန်က အိန္ဒိယ ဝါဂွမ်းအထည်လိပ် (သရက်ထည် Calicoes)တွေ တင်ပို့တာကို ပိတ်ပင်ခဲ့ပါတယ်။ သူ့ရဲ့ ကိုယ်ပိုင် ဝါဂွမ်းအထည်လိပ် လုပ်ငန်းကို မြှင့်တင်ဖို့ ရည်ရွယ်ပြီးတော့ လုပ်ခဲ့တာပါ။ အဲ့ဒီလုပ်ရပ်က အိန္ဒိယဝါဂွမ်းအထည်လိပ် လုပ်ငန်းကို အကြီးအကျယ် ထိခိုက်စေခဲ့ပါတယ်။ နောက်ပိုင်း ၁၉ ရာစုအလယ်အရောက်မှာတော့၊ အဲ့ကာလမှာ စက်မှုထွန်းကားပြီးဖြစ်နေတဲ့ ဗြိတိသျှ ဝါဂွမ်း အထည်လိပ် လုပ်ငန်းစုက လာတဲ့ ပို့ကုန်အစုလိုက် အပြုံလိုက်ကြောင့်ပဲ၊ အဲ့ဒီလုပ်ငန်းက ဇာတ်သိမ်းသွားခဲ့

Copyright © 2025. Economic Education Program, Inya Economics.

ရပါတယ်။ ကိုလိုနီလက်အောက်ခံ နိုင်ငံတစ်ခုဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ သွင်းကုန်စည်းကြပ်ခွန်(Tariff)နဲ့ တခြားမူဝါဒတွေကို အသုံးပြုပြီး၊ သူရဲ့ ကုန်ထုတ်လုပ်သူတွေကို ဗြိတိသျှတွေရဲ့ သွင်းကုန်တွေကနေ မကာကွယ်ပေးနိုင်ခဲ့ပါဘူး။ ၁၈၃၅ မှာတော့ အရှေ့အိန္ဒိယကုမ္ပဏီရဲ့ ဘုရင်ခံဖြစ်တဲ့ လောဒ့် ဘန်းတင့်ခ် Lord Bentinck က 'ဝါဂွမ်းထုတ်လုပ်သူတွေရဲ့အရိုးစုတွေက အိန္ဒိယရဲ့လွင်ပြင်တွေကို အရောင်ချွတ်နေတယ်' ဆိုပြီး ကျော်ကြားစွာပဲ အစီရင်ခံခဲ့ပါတယ်။

## ၁၈၂၀-၁၈၇၀ ပြည့်နှစ်ကာလ၊ စက်မှုတော်လှန်ရေး

### *ဖို့အားမြင့်စက်ဖြင့် မောင်းနှင်ခြင်း၊ စက်မှုတော်လှန်ရေး စတင်မှု*

အရင်းရှင်စနစ်က ၁၈၂၀ ဝန်းကျင်မှာ အမှန်တကယ် စတင်အောင်မြင်လာခဲ့ပါတယ်။ အနောက်ဥရောပ တဝိုက်ရယ်၊ အနောက်ဥရောပသားတွေ အခြေချကြတဲ့ မြောက်အမေရိကတိုက်နဲ့ ကျွန်းစုတွေမှာ သိသာမြင်သာတဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတွေနဲ့ပါ။ တိုးတက်တဲ့နှုန်းက အလွန်ကို အံ့သြဘနန်းဖြစ်စရာ ကောင်းတဲ့အတွက်၊ ၁၈၂၀ နောက်ပိုင်း ရာစုနှစ်တဝက်လောက်ကို၊ 'စက်မှုတော်လှန်ရေး'ရယ်ဆိုပြီး ရည်ညွှန်းလေ့ရှိကြပါတယ်။

အဲ့ဒီနှစ်ငါးဆယ်အတွင်းမှာ၊ အနောက်ဥရောပရဲ့ တဦးချင်းဝင်ငွေက ၁ ရာခိုင်နှုန်းနဲ့ တိုးတတ်ခဲ့ပါတယ်။ ဒီခေတ်မှာဆိုရင်တော့ အားရစရာ မကောင်းတဲ့နှုန်းပါ (ဂျပန်နိုင်ငံက "ပျောက်ဆုံးသွားသော ဆယ်စုနှစ်" (Lost Decade) ဆိုပြီး ပြောကြတဲ့ ၁၉၉၀ ခုနှစ်တွေမှာ အဲ့ဒီနှုန်းထားနဲ့ပဲ တိုးတတ်ခဲ့တာပါ)။ ဒါပေမဲ့ အဲ့ဒီ ၁ ရာခိုင်နှုန်းဆိုတဲ့ နှုန်းထားကို ၁၅၀၀ နဲ့ ၁၈၂၀ ပြည့်နှစ်ကြားမှာ ရှိတဲ့ ၀.၁၄ ရာခိုင်နှုန်းဆိုတာနဲ့ နှိုင်းယှဉ်လိုက်ရင်တော့၊ ဖို့လ်အားမြင့်စက်တတ်ပြီး မောင်းလိုက်တဲ့ အနေအထားမျိုး ဖြစ်ခဲ့ပါတယ်။

### *အသက် ၁၇ နှစ်လောက်အထိပဲ နေရပြီး တပတ်ကို နာရီ ၈၀လောက် လုပ်ရဖို့ မျှော်လင့်ထားရခြင်း၊ လူအချို့အတွက် ဆထက်တပိုး တိုး၍လာသော သောကပရိဒေဝများ၊*

ဒါပေမဲ့လည်း ကနဦးမှာတော့ တဦးချင်းဝင်ငွေ တိုးတတ်လာတာက၊ လူအများစုအတွက် လူနေမှု အဆင့်အတန်းကျတာနဲ့ အတူတွဲပြီး ဖြစ်ပေါ်ခဲ့တာပါ။ ကျွမ်းကျင်မှုအဟောင်းတွေနဲ့ လူအချို့ကတော့ သူတို့ရဲ့ အလုပ်တွေ ဆုံးရှုံးခဲ့ရပြီး၊ နမူနာဆိုရင်တော့ အထည်ချုပ်က လက်မှုပညာသည်တွေပါ။ သူတို့က ဈေးပေါပြီး ကျွမ်းကျင်မှု မလိုအပ်တဲ့ အလုပ်သမားတွေ လည်ပတ်တဲ့ စက်တွေရဲ့ အစားထိုးတာကို ခံခဲ့ရပါတယ်။ အဲ့ဒီအလုပ်သမားတွေထဲမှာ ကလေးတွေလည်း အများကြီးပါခဲ့ပါတယ်။ တချို့စက်တွေကိုဆို ကလေးတွေရဲ့ကိုယ်ခန္ဓာအချိုးအစားသေးငယ်တာကို စိတ်ကူးပြီး ပုံစံချခဲ့တာမျိုး တွေတောင် ရှိပါတယ်။ စက်ရုံတွေမှာ လုပ်ဖို့ ငှားရမ်းခံရတဲ့သူတွေ၊

ဒါမှမဟုတ်ရင်လည်း အဲ့ဒီစက်ရုံတွေ အတွက် သွင်းအားစုတွေကို ထောက်ပံ့ပေးတဲ့ အလုပ်ရုံငယ်တွေမှာ လုပ်တဲ့သူတွေက၊ အလုပ်ချိန် အကြာကြီးနဲ့ လုပ်ခဲ့ကြရပါတယ်။ တပတ်ကို နာရီ ၇၀ ကနေ ၈၀ ဆိုတာက စံသတ်မှတ်ချက် ဖြစ်ခဲ့တာပါ။ တချို့တွေဆိုရင် တပတ်ကို နာရီ ၁၀၀ ကျော်တဲ့အထိ လုပ်ခဲ့ရပြီး၊ တနင်္ဂနွေနေ့တပိုင်းပဲ ပုံမှန်အနေနဲ့ နားခွင့်ရခဲ့ပါတယ်။

လုပ်ငန်းခွင် အခြေအနေတွေကလည်း အလွန့်အလွန်ကို အန္တရာယ်များခဲ့ပါတယ်။ ဗြိတိသျှဝါဂွမ်း အထည်လိပ်လုပ်ငန်းက အလုပ်သမားအများစုဆို၊ ကုန်ထုတ်လုပ်ရေးဖြစ်စဉ်က ထွက်လာတဲ့ ဖုန်မှုန့်တွေ ကြောင့်ရတဲ့ အဆုတ်ရောဂါတွေနဲ့ တိမ်းပါးခဲ့ရတာပါ။ မြို့ပြအလုပ်သမားလူတန်းစားက ပြည့်ညှပ်သပ်နေတဲ့ အခြေအနေတွေမှာ နေခဲ့ကြရပြီး၊ တချို့အခြေအနေတွေမှာဆို တစ်ခန်းကို လူ ၁၅ ယောက်ကနေ အယောက် ၂၀ အထိ နေခဲ့ကြရပြီး၊ အိမ်သာတစ်လုံးကို လူတွေ ရာနဲ့ချီပြီး သုံးကြတာကလည်း ပုံမှန်လို ဖြစ်ခဲ့ပါတယ်။ သူတို့အနေနဲ့ ယင်ကောင်တွေလိုပဲ တဖြုတ်ဖြုတ် ကြွေလွင့်ခဲ့ကြရတာပါ။ မန်ချက်စတာမြို့က လူဆင်းရဲတွေရဲ့ ဒေသတွေမှာဆို လူ့သက်တမ်းက ၁၇ နှစ်ပဲ ရှိခဲ့ပါတယ်။ အဲ့ဒီဟာက ဗြိတိန်ဒေသတခုလုံးကို နော်မန်လူမျိုးတွေ မသိမ်းပိုင်ခင် ၁၀၀၀ ပြည့်နှစ်မှာ ရှိတာထက် ၃၀ ရာခိုင်နှုန်းလောက်ကို နိမ့်ကျသွားခဲ့တာပါ (အဲ့အချိန်တုန်းက တောင် လူ့သက်တမ်းက ၂၄ နှစ် ရှိခဲ့ပါသေးတယ်)။

### ***အရင်းရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပေါ်ထွက်လာခြင်း၊***

အရင်းရှင်စနစ်က ဖြစ်ပေါ်စေခဲ့တဲ့ သောကပရိဒေဝတွေကို ကြည့်တာနဲ့တင်၊ မျိုးစုံသော အရင်းရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ပေါ်ထွက်လာတာတွေအတွက် အံ့သြစရာ မရှိတော့ပါဘူး။ သူတို့ထဲက အချို့ကတော့ နာရီလက်တံကို ပြောင်းပြန်ပြန်ပြီး လှည့်လိုက်ချင်ရုံလေးပါပဲ။ ၁၈၁၀ ခုနှစ်တွေမှာ စက်မှုအခြေခံ ကုန်ထုတ်လုပ်ရေးကြောင့် အလုပ်အကိုင်ဆုံးရှုံးခဲ့ရတဲ့၊ အထည်ချုပ်လုပ်ငန်းက လက်မှုပညာသည်တွေဖြစ်တဲ့၊ ခေတ်နောက်ပြန်ဆွဲချင်သူ (Luddites) တွေကတော့၊ သူတို့ အလုပ်လက်မဲ့ဖြစ်ရတာရဲ့ လက်ငင်းအကြောင်း အရင်းဖြစ်တဲ့ အဲ့ဒီ စက်ပစ္စည်းတွေကို၊ ဖျက်ဆီး ခဲ့ကြပါတယ်။ အဲ့ဒီဖြစ်ရပ်ကပဲ အရင်းရှင်စနစ်တိုးတတ်မှုမှာ အထင်ရှားဆုံး ပြယုဂ်တစ်ခု ဖြစ်လာခဲ့တာပါ။ ကျန်တဲ့သူတွေထဲမှာလည်း ပိုကောင်း ပိုသာတူညီမျှမှုရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ဖို့အတွက်၊ ကိုယ်ထူကိုယ်ထ အစည်းအရုံးတွေ ကနေတဆင့် ထူထောင်ဖို့ ကြိုးစားခဲ့ ကြတာမျိုးတွေ ရှိခဲ့ပါတယ်။ ဝေးလ်လူမျိုး စီးပွားရေးလုပ်ငန်းရှင် ရော်ဘတ်အိုဝင် Rober Owen ဆိုရင်၊ စိတ်တူကိုယ်တူ ရှိတဲ့ လူတွေစုပြီး ဘုံလုပ်ငန်းခွင်နဲ့ ဘုံလူနေမှုဘဝကို အခြေခံတဲ့ လူ့အဖွဲ့အစည်းတစ်ခု တည်ထောင်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲ့တာက အစ္စရေးနိုင်ငံက စုပေါင်းလယ်ယာတွေနဲ့လည်း ဆင်တူပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

ဒါပေမဲ့လည်း အရင်းရှင်စနစ်ဆန့်ကျင်ရေးအတွက် စိတ်ကူးစိတ်သန်းကောင်းသူတွေထဲကမှ အရေးကြီးဆုံး ပုဂ္ဂိုလ်ကတော့ ဂျာမန်လူမျိုး ဘောဂဗေဒပညာရှင်နဲ့ တော်လှန်ရေးသမားဖြစ်တဲ့ ကားလ်မာက်စ် (၁၈၁၈-၁၈၈၃)ပဲ ဖြစ်ပြီး၊ သူ့ဘဝရဲ့အချိန်အများစုကို အင်္ဂလန်မှာ ပြည်ပြေးအဖြစ် ကုန်ဆုံးခဲ့ရသူ ဖြစ်ပါတယ်။ သူ့အုတ်ဂူဆိုလည်း လန်ဒန်က ဟိုက်ဂိတ်သုသာန်မှာပဲ တည်ရှိပါတယ်။ မက်စ်က ရော်ဘတ်အိုဝင်နဲ့ သူနဲ့စိတ်ကူးတူတဲ့ လူတွေကို ‘စိတ်ကူးယဉ်ဆန်တဲ့ ဆိုရှယ်လစ်ဝါဒီ’ တွေအဖြစ် တံဆိပ်ကပ်ခဲ့ပါတယ်။ ဒီလူတွေက ကြည်နူးချမ်းမြေ့စရာကောင်းတဲ့ ဘုံလူမှု အသိုက်အဝန်းမှာ နေတာကို အခြေခံပြီး၊ အရင်းရှင်လွန် လူ့အဖွဲ့အစည်းဆိုတာကို ယုံကြည်နေကြတယ် ဆိုပြီးတော့ပါ။ မက်စ်က သူ့ရဲ့ ကိုယ်ပိုင်ချဉ်းကပ်မှုကိုတော့ ‘သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ’ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။ အရင်းရှင်စနစ်က ရလာတဲ့ အသီးအပွင့်တွေကို ငြင်းပယ်တာထက်၊ အဲ့ဒီအသီးအပွင့်တွေပေါ်မှာ အခြေခံပြီး လူ့အဖွဲ့အစည်းအသစ်ကို တည်ထောင်ရမယ်ဆိုပြီး ရပ်ခံတင်ပြခဲ့တာပါ။ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ ကုန်ထုတ်ပစ္စည်းတွေရဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ပယ်ဖျက်သင့်ကြောင်း၊ ဒါပေမဲ့ အရင်းရှင်စနစ်ကနေ ဖန်တီးထားတဲ့ အကြီးစား ကုန်ထုတ်လုပ်ရေး ယူနစ်တွေကိုတော့ ထိန်းသိမ်းထားသင့်ကြောင်း၊ ဒါမှသာ သူတို့ရဲ့ကုန်ထုတ်စွမ်းအား မြင့်မားမှုအပေါ် အပြည့်အဝအခွင့်အရေးယူနိုင်မှာ ဖြစ်ကြောင်း၊ စသည်ဖြင့် တင်ပြခဲ့တာပါ။ ဒါ့အပြင် မက်စ်က ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ အရေးပါတဲ့ မျက်နှာစာတစ်ခုမှာဆို အရင်းရှင် လုပ်ငန်းကြီးတစ်ခုလိုမျိုး လည်ပတ်သင့်ကြောင်းလည်း အဆိုပြုခဲ့ပါတယ်။ အဲ့ဒီအရာကတော့ စီးပွားရေးဆိုင်ရာ အရေးကိစ္စတွေကို ဗဟိုကနေ စီမံခန့်ခွဲတဲ့ မျက်နှာစာပဲ ဖြစ်ပါတယ်။ ဒီဟာကြောင့်ပဲ သူအဆိုပြုတဲ့ စီးပွားရေးစနစ်က အရင်းရှင်လုပ်ငန်းတစ်ခုအနေနဲ့ သူ့ရဲ့ လုပ်ငန်းဆိုင်ရာ လည်ပတ်မှုတွေကို ဗဟိုကနေစီမံတဲ့ပုံစံနဲ့ သဘောချင်းသွားတူမှာပါ။ အဲ့ဒီစီးပွားရေးစနစ်ကို ဗဟိုစီမံကိန်းစီးပွားရေးစနစ် (Central Planning) အဖြစ် လူသိများကြပါတယ်။

မက်စ်နဲ့ ရုရှားတော်လှန်ရေးခေါင်းဆောင် ဗလာဒီမီယာလီနင် အပါအဝင် သူ့နောက်လိုက်တွေက၊ အလုပ်သမားတွေ ဦးဆောင်တဲ့ တော်လှန်ရေးကတဆင့်ပဲ၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို ထူထောင်နိုင်တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်းရှင်တွေအနေနဲ့ သူတို့ရထားတဲ့ အရာတွေကို၊ သူ့သဘောနဲ့သူ လက်လွှတ်ပေးမှာ မဟုတ်တဲ့ အတွက်ကြောင့်ပါ။ သို့သော်လည်း ပြန်လည်ပြင်ဆင်ရေးသမား (ဝါ) ဆိုရှယ်ဒီမိုကရက်တွေလို့ သိကြတဲ့၊ အက်ဒွပ်ဘန်းစတိန်း Eduard Bernstein နဲ့ ကားလ်ကပ်စကီး Karl Kautsky တို့လို သူ့နောက်လိုက် အချို့ကတော့၊ အရင်းရှင်စနစ်ရဲ့ ပြဿနာတွေကို သက်သာစေဖို့ဆို၊ သူ့ကို ဖျက်သိမ်းတာထက်စာရင်၊ ပါလီမန်ဒီမိုကရေစီစနစ်ကတဆင့် ပြုပြင်ပြောင်းလဲရေး လုပ်တာကနေ ဆောင်ရွက်နိုင်တယ်လို့ စဉ်းစားခဲ့ကြပါတယ်။ သူတို့ကပဲ အလုပ်ချိန်နဲ့ လုပ်ငန်းခွင်အခြေအနေတွေအတွက် စည်းမျဉ်းစည်းကမ်း သတ်မှတ်တာနဲ့၊ လူမှုဖူလုံရေးနိုင်ငံတော်တွေ ကြီးထွားရင့်သန်လာဖို့ အတွက်ကို ဆော်သြခဲ့ကြတာပါ။

ပြန်ပြောင်းတွေးကြည့်မယ်ဆိုရင် ပြုပြင်ပြောင်းလဲရေးသမားတွေက သမိုင်းရဲ့ ဦးတည်ရာကို အကောင်းဆုံးမှန်းဆနိုင်ခဲ့တယ်ဆိုတာ မြင်သာပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ဆော်သြခဲ့တဲ့ စနစ်က ဒီနေ့ခေတ် အဆင့်မြင့်အရင်းရှင်စီးပွားရေးစနစ် ထွန်းကားတဲ့ နိုင်ငံတွေမှာ ရှိနေတဲ့အရာတွေ မိုလို့ပါ။ ဒါပေမဲ့ အဲ့ခေတ်ကာလတုန်းကတော့ အရင်းရှင်စနစ်ရဲ့ အောက်မှာ အလုပ်သမားတွေရဲ့ အခြေအနေတွေ ပိုကောင်းလာနိုင်တယ်ဆိုတာက မမြင်သာခဲ့ပါဘူး။ ဘာကြောင့်လဲဆို အရင်းရှင်အများစုက ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ကို အကြောက်အကန် ဆန့်ကျင်ခဲ့ကြတာကြောင့်ပဲ ဖြစ်ပါတယ်။

၁၈၇၀ ခုနှစ် ဝန်းကျင်ကစပြီး အလုပ်သမားလူတန်းစားရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး သိသာမြင်သာတဲ့ တိုးတတ်မှုတွေ ရှိလာခဲ့ပါတယ်။ လုပ်ခလစာတွေ တိုးလာခဲ့ပြီး၊ အနိမ့်ဆုံးအနေနဲ့ ဗြိတိန်မှာဆိုရင်၊ အရွယ်ရောက်သူ အလုပ်သမားတွေရဲ့ ပျမ်းမျှလစာက၊ အသက်ရှင်ရုံ လိုအပ်ချက်တွေထက်ကို ပိုသုံးစွဲနိုင်ဖို့အတွက်၊ နောက်ဆုံးတော့ မြင့်မားလာခဲ့တာပါ။ အချို့ အလုပ်သမားတွေဆိုရင် တပတ်ကို နာရီ ၆၀ထက် လျော့နည်းပြီးပဲ လုပ်ကြရပါတော့တယ်။ လူ့သက်တမ်းကလည်း ၁၈၀၀ ခုနှစ်မှာ ၃၆နှစ် ရှိတာကနေ၊ ၁၈၆၀ ခုနှစ်မှာတော့ ၄၁ နှစ်အထိကို တိုးလာခဲ့ပါတယ်။ အဲ့ဒီခေတ်ရဲ့ အဆုံးသတ်မှာတော့ လူမှုဖူလုံရေး နိုင်ငံတော်တွေအထိ အစပြုလာနိုင်တာကို တွေ့ရပါတယ်။ ဒီအတွက် ကနဦးခြေလှမ်းကတော့ ၁၈၇၁ ခုနှစ် ဂျာမနီနိုင်ငံရဲ့ စက်မှုလုပ်ငန်းခွင် မတော်တဆမှု အာမခံစီမံချက်ကနေ မြစ်ဖျားခံခဲ့တာဖြစ်ပြီး၊ စုစည်းကာစ ဂျာမနီနိုင်ငံရဲ့ အဓိပတိဖြစ်တဲ့ အော်တိုဗွန်ဘစ်မက် Otto Von Bismarck က စတင်မိတ်ဆက် ပေးခဲ့တာပါ။

## လွတ်လပ်တဲ့ ဈေးကွက်နဲ့ လွတ်လပ်တဲ့ကုန်သွယ်ရေးဆိုတာတွေရဲ့ ယုံတမ်း၊ အရင်းရှင်စနစ်က အမှန်တကယ် ဘယ်လိုဖွံ့ဖြိုးခဲ့တာလဲ၊

အနောက်ဥရောပနိုင်ငံတွေမှာ အရင်းရှင်စနစ် တိုးတက်လာတာနဲ့၊ ၁၉ရာစုအတွင်း သူတို့ ကမ္ဘာတစ်ဝှမ်း ခြေချနိုင်ခဲ့တာတွေက၊ လွတ်လပ်တဲ့ကုန်သွယ်ရေး (Free Trade)နဲ့ လွတ်လပ်တဲ့ ဈေးကွက် (Free Market)တို့ ပျံ့နှံ့ခဲ့တာကြောင့်ဆိုပြီး တခါတရံမှာ မှတ်ယူတတ်ကြပါတယ်။ အဲ့ဒီနိုင်ငံက အစိုးရတွေ အနေနဲ့ နိုင်ငံတကာ ကုန်သွယ်ရေး(လွတ်လပ်စွာကုန်သွယ်ရေး)ကို အခွန်ကောက်တာ၊ ကန့်သတ်တာတွေ မလုပ်ကြတာ၊ ပိုပြီး ယေဘူယျဆန်ဆန်ပြောရရင်တော့ သူတို့တွေက ဈေးကွက်(လွတ်လပ်တဲ့ ဈေးကွက်)ရဲ့ လုပ်ဆောင်မှုကို ဝင်စွက်ဖက်တာမျိုး မရှိခဲ့တာကြောင့်၊ ဒီနိုင်ငံတွေမှာ အရင်းရှင်စနစ်က ဖွံ့ဖြိုးလာတာဆိုပြီး ရည်ညွှန်းတတ်ကြတာပါ။ ဗြိတိန်နဲ့ အမေရိကန်တို့က တခြားနိုင်ငံတွေထက် တဟုန်ထိုး တိုးတတ်ခဲ့ ကြတာကိုလည်း၊ လွတ်လပ်တဲ့ ဈေးကွက်နဲ့၊ အထူးသဖြင့် လွတ်လပ်စွာ ကုန်သွယ်ရေးတို့ကို အရင်ဆုံး ရွေးချယ်ခဲ့တဲ့ နိုင်ငံတွေ ဖြစ်တာကြောင့်ဆိုပြီး၊ ပြောတတ်ကြပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

အဲ့ဒီအချက်က အမှန်တရားတော့ မဟုတ်ပါဘူး။ အရင်းရှင်စနစ်ရဲ့ အစောပိုင်းဖွံ့ဖြိုးနေတဲ့ ကာလတွေတုန်းက ဗြိတိန်နဲ့ အမေရိကန် နှစ်နိုင်ငံလုံးမှာ၊ အစိုးရက ဦးဆောင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ကြပါတယ်။ တခြား အနောက်ဥရောပက နိုင်ငံတွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။

## ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေးဝါဒ (Protectionism) ရဲ့ရှေ့ဆောင်လမ်းပြ ဗြိတိန်

ဟင်နရီ ၇ ဘုရင် (၁၈၄၅ - ၁၅၀၉)ကစလို့ တူဒေါ်မျိုးဆက်(Tudor)သက်ဦးဆံပိုင် ဘုရင်တွေက၊ ဝါဂွမ်း အထည်လိပ်လုပ်ငန်းကို အစိုးရရဲ့ ကြားဝင်မှုကနေတဆင့် အားပေးမြှင့်တင်ခဲ့ပါတယ်။ ဒီလုပ်ငန်းအနေနဲ့ အဲ့ဒီအချိန်ကာလက ဥရောပရဲ့အဆင့်မြင့် နည်းပညာလုပ်ငန်း တစ်ခုဖြစ်ပြီး၊ ကုန်းနိမ့်နိုင်ငံလေးတွေ (အထူးသဖြင့် ဖလန်ဒါဒေသ Flanders) က ဦးဆောင်ခဲ့တာပါ။ သွင်းကုန် စည်းကြပ်ခွန်တွေက သူ့ထက်သာလွန်နေတဲ့ ကုန်းနိမ့် နိုင်ငံတွေရဲ့ ထုတ်လုပ်သူတွေထံကနေပြီး ဗြိတိန်ထုတ်လုပ်သူတွေကို ကာကွယ်ပေးခဲ့ပါတယ်။ ဗြိတိန်အစိုးရ အနေနဲ့ အဆင့်မြှင့်နည်းပညာတွေကို ရယူနိုင်ဖို့အတွက်ဆိုပြီး၊ အထည်လိပ်ကဏ္ဍက ကျွမ်းကျင်လက်မှုပညာ သည်တွေကို သိမ်းသွင်းတာ ကိုတောင်၊ စပွန်ဆာပေးခဲ့ပါသေးတယ်။ အထူးသဖြင့် ဖလန်ဒါဒေသက ပြည်သူ တွေကိုပါ။ ဗြိတိသျှနဲ့ အမေရိကန်လူမျိုးတွေထဲက ဖလန်ဒါ Flanders၊ ဖလေးမင်း Fleming နဲ့ ဖလိုင်မန်း Flemyng ပါတဲ့ နာမည်တွေဆို၊ အဲ့ခေတ်က ရွှေ့ပြောင်းခဲ့တဲ့ လက်မှုပညာသည်ထဲကနေ ဆင်းသက်လာတဲ့သူတွေပဲ ဖြစ်ပါတယ်။ ခုနကလို မူဝါဒတွေမပါဘဲနဲ့ ၀၀၇(အီယန်ဖလေးမင်း Ian Fleming) နဲ့ ပင်နီဆလင် (အလက်ဇန်းဒါး ဖလေးမင်း Alxander Fleming)တို့ဆိုတာ ရှိလာမှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် The Simpsons ဆိုတဲ့ ရုပ်ရှင်ထဲက နဒ်ဖလင်ဒါ Ned Flanders တွေကို၊ နဒ်လန်ကရှိုင်းယား Ned Lancashire လို့သာ တကယ်လို့ ခေါ်ရမယ်ဆိုလို့ရှိရင်၊ အခုလောက် ရယ်ရွှင်စရာ ကောင်းတော့မယ် လို့တော့ မထင်ပါဘူး။ အဲ့ဒီမူဝါဒတွေက တူဒေါ်မျိုးဆက်ဘုရင်တွေ အလွန်မှာလည်း ဆက်တည်ရှိနေခဲ့ပြီး၊ ၁၈ ရာစု အရောက်မှာတော့ အထည်ချုပ် ကုန်စည်တွေက ဗြိတိန်ပို့ကုန်ရငွေရဲ့ တဝက်အထိ ရှိလာခဲ့ပါတယ်။ အဲ့ဒီပို့ကုန်ကရတဲ့ အမြတ်ငွေတွေ မပါပဲနဲ့၊ စက်မှုနိုင်တော်လှန်ရေးအတွက် လိုအပ်တဲ့ အစားအသောက်နဲ့ ကုန်ကြမ်းပစ္စည်းတွေကို တင်သွင်းနိုင်ဖို့ဆိုတာ၊ ဗြိတိန်အနေနဲ့ မဖြစ်နိုင်သလောက်ပါပဲ။

ဗြိတိသျှအစိုးရအဖြစ်နဲ့ ကြားဝင်မှုတွေကိုတော့ ၁၇၂၁ ခုနှစ်မှာ အစပျိုးခဲ့ပါတယ်။ ဗြိတိန်ရဲ့ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်တဲ့ ရောဘတ်ဝဲလ်ပိုးလ် Robert Walpole က ရည်မှန်းချက်ကြီးပြီး ကျယ်ပြန့်တဲ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး အစီအစဉ်ကို စတင်မိတ်ဆက်ခဲ့တဲ့ အချိန်ကစလို့ အစပြုခဲ့တာပါ။ အဲ့ဒီ အစီအစဉ်က ပို့ကုန်ကို အားပေးဖို့ ရည်ရွယ်ပြီး၊ မဟာဗျူဟာကျတဲ့ လုပ်ငန်းတွေကို သွင်းကုန် စည်းကြပ်ခွန်ဆိုင်ရာ အကာအကွယ် (Tariff Protection)နဲ့ အမတော်ကြေး (Subsidy) တို့ကို၊ ပံ့ပိုးပေးခဲ့တာပါ။ ဝဲလ်ပိုးလ်ရဲ့ အစီအစဉ် တစိတ်တဒေသကြောင့်ပဲ၊ ၁၈ရာစုရဲ့ ဒုတိယပိုင်း အရောက်မှာတော့၊ ဗြိတိန်က တဟုန်ထိုး တိုးတတ်လာ

Copyright © 2025. Economic Education Program, Inya Economics.

ခဲ့ပါတယ်။ ၁၇၇၀ ခုနှစ်တွေ အရောက်မှာတော့၊ ဗြိတိန်က တခြားနိုင်ငံတွေထက် သိသိသာသာ ရှေ့ကို ရောက်လာခဲ့ပြီး၊ အဲ့အတွက်ကြောင့်ပဲ ဗြိတိသျှထုတ်လုပ်သူတွေကို ကူညီဖို့အတွက်၊ ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေး မူဝါဒအပြင်၊ တခြားသောနည်းလမ်းတွေနဲ့ အစိုးရက ကြားဝင်စွက်ဖက်တာက မလိုတော့ဘူးဆိုပြီး၊ အဒမ်စမစ်က မြင်လာခဲ့တာပါ။ ဒါပေမဲ့လည်း စမစ်ရဲ့ **နိုင်ငံများရဲ့ ဥစ္စာဓနကျမ်း** ထွက်ပြီး ရာစုနှစ် တစ်ခုအကြာ ၁၈၆၀ မှာမှ၊ ဗြိတိန်က လွတ်လပ်စွာ ကုန်သွယ်ရေး ဘက်ကို အပြည့်အဝ ကူးပြောင်းခဲ့တာပါ။ အဲ့ဒီအချိန်အရောက်မှာတော့ သူ့ရဲ့ စက်မှုလုပ်ငန်းတွေက၊ အခြားသူတွေထက် ခေါင်းတလုံးမြင့်နေပြီဆိုတာက ယုံမှားစရာကို မရှိတော့ပါဘူး။ ၁၈၆၀ ခုနှစ်မှာ ဗြိတိန်ရဲ့ ကုန်ထုတ်လုပ်မှုက၊ တကမ္ဘာလုံးမှာရှိတဲ့ ထွက်ကုန်တွေရဲ့ ၂၀ ရာခိုင်နှုန်း၊ ၁၈၇၀ ခုနှစ်မှာ စက်မှု ထုတ်ကုန်တွေက ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးရဲ့ ၄၆ ရာခိုင်နှုန်းအထိ ရှိနေခဲ့ပါပြီ။ ဒါပေမဲ့ အဲ့အချိန်မှာ သူ့ရဲ့လူဦးရေကျတော့၊ ကမ္ဘာ့လူဦးရေရဲ့ ၂.၅ ရာခိုင်နှုန်းပဲ ရှိတာပါ။ အဲ့ဒီ ကိန်းဂဏန်းတွေ ကို ဒီနေ့ခေတ် တရုတ်ပြည်နဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေနဲ့ ယှဉ်တွဲကြည့်လို့ ရပါတယ်။ လက်ရှိမှာ တရုတ်လူဦးရေက ကမ္ဘာ့လူဦးရေရဲ့ ၁၉ ရာခိုင်နှုန်း ရှိပေမဲ့၊ အပေါ်က ပြောခဲ့တဲ့ အချက်အလက်တွေမှာတော့ သူက ၁၅ ရာခိုင်နှုန်းနဲ့ ၁၄ ရာခိုင်နှုန်း အသီးသီးပဲ ရှိနေတာပါ။

## ကုန်သွယ်ရေးဆိုင်ရာ အကာကွယ်ပေးရေးဝါဒရဲ့ချန်ပီယံ အမေရိကန်

အမေရိကန်ရဲ့ ဖြစ်ရပ်ကတော့ ပိုလို့တောင် စိတ်ဝင်စားစရာ ကောင်းပါသေးတယ်။ ဗြိတိသျှကိုလိုနီရဲ့ လက်အောက်မှာတုန်းက သူ့ရဲ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ချက်ရှိရှိကို ဖိနှိပ်ခံခဲ့ရပါတယ်။ အမေရိကန် ကိုလိုနီသမားတွေက စက်မှုလုပ်ငန်းတွေမှာ ပါဝင်ဖို့ ပထမအကြိမ် ကြိုးစားတာကို ကြားတဲ့အခါမှာ၊ ဗြိတိန်ရဲ့ ဝန်ကြီးချုပ် ဝီလီယံပစ်အကြီး William Pitt The Elder (၁၇၆၆-၈) က "မြင်းသံခွာဖိနပ်ထုတ်ဖို့တောင် ခွင့်မပြုသင့်ဘူး" ဆိုပြီး ပြောတာမျိုးတွေ ရှိခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက် အမေရိကန်အများစုက ဗြိတိန်နဲ့ ပြင်သစ်တို့ကို ပခုံးချင်း ယှဉ်နိုင်ဖို့ သူတို့နိုင်ငံကို စက်မှုဖွံ့ဖြိုးအောင်လုပ်ရမယ်လို့ ယူဆလာခဲ့ကြပါတယ်။ ဒီလို ယူဆတဲ့အဖွဲ့ကို ဦးဆောင်တာက အမေရိကန်စီးပွားရေးကို ပထမဆုံး တာဝန်ယူခဲ့တဲ့ ဝန်ကြီးဖြစ်တဲ့ ဘဏ္ဍာရေးဝန်ကြီး အလက်ဇန်းဒါး ဟယ်မင်တန်ပဲ ဖြစ်တယ် (အမေရိကန်၁၀ဒေါ်လာတန် ငွေစက္ကူမှာ တွေ့ရတဲ့ တယောက်ပါ)။ ၁၇၉၁ ခုနှစ်မှာ ကွန်ဂရက်ကိုတင်သွင်းတဲ့ ***ကုန်ထုတ်လုပ်မှု အကြောင်းအရာနှင့် ပတ်သက်သော အစီရင်ခံစာ*** မှာ၊ အမေရိကန်လို စီးပွားရေးအရ နောက်ကျတဲ့ နိုင်ငံတစ်ခုရဲ့အစိုးရအနေနဲ့ မွေးကင်းစလုပ်ငန်း (Infant Industry) တွေကို သူ့ထက် ခေါင်းတလုံးသာတဲ့ နိုင်ငံရပ်ခြား ယှဉ်ပြိုင်သူတွေရှိကနေ အကာအကွယ်ပေးပြီး၊ သူတို့ ကြီးထွားလာတဲ့အထိ ပြုစုပျိုးထောင်ဖို့ လိုအပ်တယ်လို့ ဟယ်မင်တန်က ရပ်ခံတင်ပြခဲ့ပါတယ်။ အဲ့ဒီဟာကိုပဲ မွေးကင်းစလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ ရပ်ခံတင်ပြချက် (Infant industry argument) အဖြစ် သိကြပါတယ်။ ဟယ်မင်တန်က မွေးကင်းစ

Copyright © 2025. Economic Education Program, Inya Economics.

လုပ်ငန်းတွေကို ကူညီဖို့အတွက်၊ သွင်းကုန်စည်းကြပ်ခွန်နဲ့ တခြား စီမံဆောင်ရွက်မှုတွေကို အသုံးပြုဖို့ အဆိုပြုခဲ့ပါတယ်။ အမတော်ကြေး၊ အခြေခံအဆောက်အအုံအတွက် အစိုးရက ရင်းနှီးမြှုပ်နှံမှု(အထူးသဖြင့် ဆည်မြောင်း)၊ တီထွင်ဖန်တီးမှု အသစ်တွေကို အားပေးဖို့ မူပိုင်ခွင့်ဥပဒေနဲ့ ဘဏ်စနစ်ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်မှု၊ စတဲ့အရာတွေကိုပါ။

ကနဦးမှာတော့ အဲ့အချိန်က အမေရိကန်နိုင်ငံရေးကို စိုးမိုးထားတဲ့ တောင်ပိုင်းက ကျွန်ပိုင်မြေရှင်တွေက၊ ဟယ်မင်တန်ရဲ့ အစီအစဉ်ကို ကဖျက်ကယက် လုပ်ခဲ့ကြပါတယ်။ အဲ့ဒီ မြေပိုင်ရှင်တွေအနေနဲ့ ပိုကောင်းပြီး၊ ဈေးလည်းသက်သာတဲ့ ပစ္စည်းတွေကို ဥရောပက တင်သွင်းလို့ရနေတဲ့ အချိန်မှာ၊

နိမ့်ကျတဲ့ ယန်ကီးတွေရဲ့ စက်မှုထုတ်ကုန်တွေကို ဘာလို့ ဝယ်သင့်လဲဆိုတာကို နားမလည်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ပထမဆုံးအပြင် အခုထိလည်း တစ်ကြိမ်ထဲသာ ကြုံဖူးသေးတဲ့ အမေရိကန်ကုန်းမြေကို ကျူးကျော်ခံရတဲ့ အန်ဂလို-အမေရိကန်စစ်ပွဲ(၁၈၁၂-၁၈၁၆)ရဲ့ နောက်ဆက်တွဲမှာတော့၊ အမေရိကန်အများစုက ဟယ်မင်တန်ရဲ့ အမြင်ကို လက်ခံလာကြပါတယ်။ တောင့်တင်းတဲ့ နိုင်ငံတစ်ခုအနေနဲ့ တောင့်တင်းတဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍကို လိုအပ်တယ်၊ အဲ့အတွက်ကိုလည်း သွင်းကုန်စည်းကြပ်ခွန်နဲ့ တခြားသော အစိုးရကြားဝင်တာတွေ မပါဘဲနဲ့ မဖြစ်နိုင်ဘူးဆိုတဲ့ အမြင်ကိုပါ။ တခုတည်းသော စိတ်မကောင်းစရာကတော့ သူ့ရဲ့စိတ်ကူးတွေ လက်ခံလာတာကို ဟယ်မင်တန်က မမြင်တွေ့ခဲ့ရတာပါ။ သူ့အနေနဲ့ ၁၈၀၄ ခုနှစ် ပစ္စတိုနဲ့စီးချင်းထိုးပွဲမှာ အဲ့အချိန်က တာဝန်ထမ်းဆောင်ဆဲ ဒုတိယသမ္မတ အေရွန်ဘားရဲ့ ပစ်သတ်တာကို ခံခဲ့ရပါတယ်။ (အဲ့အချိန်တွေက အရိုင်းဆန်တဲ့ ကာလတွေပါ။ တာဝန်ထမ်းဆောင်ဆဲ ဒုတိယသမ္မတက ဘဏ္ဍာရေးဝန်ကြီးဟောင်းကို ပစ်သတ်ခဲ့ပြီး၊ ဘယ်သူမှလည်း ထောင်မကျခဲ့ပါဘူး။)

၁၈၁၆ ခုနှစ်မှာ ခုနကလို မူဝါဒရေးရာလမ်းကြောင်း ပြောင်းသွားပြီးထဲက၊ အမေရိကန်ရဲ့ ကုန်သွယ်ရေး မူဝါဒက ပိုပိုပြီး ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေးသမား (Protectionist) ဆန်လာခဲ့ပါတယ်။ ၁၈၃၀ ခုနှစ်တွေ မှာတော့ ကမ္ဘာပေါ်မှာ စက်မှုလုပ်ငန်းဆိုင်ရာ သွင်းကုန်စည်းကြပ်ခွန်မှာ ပျမ်းမျှ အမြင့်ဆုံးအဖြစ် သူ့ကိုယ်သူ ကြွားလုံးထုတ်နေခဲ့ပါပြီ။ အဲ့ဒီအခြေအနေက နောက်ထပ်ရာစုနှစ် တစ်ခုလုံး နီးပါးဖြစ်တဲ့ ဒုတိယကမ္ဘာစစ်အထိ ဆက်ရှိနေတော့မှာပါ။ အဲ့ဒီရာစုနှစ်အတွင်းမှာဆို ဂျာမနီ၊ ပြင်သစ်နဲ့ ဂျပန်တို့လို နိုင်ငံတွေရဲ့ သွင်းကုန်စည်းကြပ်ခွန်က ပိုပြီးတောင် နိမ့်နေခဲ့ပါတယ်။ အဲ့ဒီနိုင်ငံတွေက ဒီနေ့ခေတ်မှာဆို ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေးဝါဒနဲ့ ပတ်သက်ပြီး၊ သာမန်အားဖြင့် လူတွေ ဆက်စပ်မိနေတဲ့ နိုင်ငံတွေလည်း ဖြစ်ပါတယ်။

အဲ့လို ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေးဝါဒီတွေ ထွန်းကားနေတဲ့ ရာစုနှစ်ရဲ့ ပထမပိုင်းမှာ၊ ကျွန်စနစ်၊ ဖက်ဒရယ်စနစ်တို့နဲ့ အတူပဲ၊ ဒီဝါဒက စက်မှုထွန်းကားတဲ့ မြောက်ပိုင်းနဲ့ စိုက်ပျိုးရေး ထွန်းကားတဲ့ တောင်ပိုင်းကြားက အမြဲမပြတ် အငြင်းပွားရမှုရဲ့ အရင်းခံအကြောင်းတရား အဖြစ် ရှိနေခဲ့ပါတယ်။ ဒီဝါဒနဲ့

Copyright © 2025. Economic Education Program, Inya Economics.

ပတ်သက်တဲ့ ကိစ္စကိုတော့ မြောက်ပိုင်းက အနိုင်ရတဲ့ ပြည်တွင်းစစ်ကပဲ နောက်ဆုံးကျ ဖြေရှင်းပေးခဲ့ပါတယ်။ အောင်ပွဲက တိုက်ဆိုင်မှု သက်သက်တော့လည်း မဟုတ်ပါဘူး။ မြောက်ပိုင်းက သေချာပေါက် အနိုင်ရခဲ့တာက ဘာကြောင့်လဲဆိုတော့၊ ပြီးခဲ့တဲ့ ရာစုနှစ်ဝက်အတွင်း ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေးဝါဒရဲ့ တံတိုင်းနောက်မှာ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို ဖွံ့ဖြိုးအောင် လုပ်ခဲ့တာကြောင့် မို့လို့ပါ။ မာဂရက်မစ်ချယ်ရဲ့ ဂန္ထဝင်လက်ရာဖြစ်တဲ့ *လေရူးသုန်သုန် Gone with the Wind* ဝတ္ထုမှာဆိုရင် အမျိုးသားဇာတ်ဆောင်ဖြစ်တဲ့ ရတ်ဘတ်တလာက သူ့ရဲ့တောင်ပိုင်းက တနယ်တည်းသားတွေကို ပြောခဲ့တာရှိပါတယ်။ ယန်ကီးတွေက စစ်ပွဲကို နိုင်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ စက်ရုံ၊ သတ္တုအရည်ကျိုရုံ၊ သင်္ဘောကျင်း၊ သံနှင့်သတ္တုတွင်း စတဲ့ တောင်ပိုင်းသားတွေမှာ မရှိတဲ့အရာတွေ၊ မြောက်ပိုင်းသားတွေမှာ ရှိတာကြောင့် ဆိုပြီးတော့ပါ။

## သိပ်မလွတ်လပ်တဲ့ နည်းလမ်းတွေကတဆင့် လွတ်လပ်စွာ ကုန်သွယ်ရေး ပျံ့နှံ့သွားခြင်း

လွတ်လပ်တဲ့ကုန်သွယ်ရေးက အရင်းရှင်စနစ် ဦးမော့လာမှုအတွက် အဓိကတာဝန်ရှိခဲ့တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့အနေနဲ့ ၁၉ ရာစုတလျှောက်မှာတော့ ပျံ့နှံ့ခဲ့ပါတယ်။ အချို့သော ပျံ့နှံ့မှုတွေ ကတော့ ၁၈၆၀ ခုနှစ်တွေအတွင်း အရင်းရှင်စနစ်ရဲ့ ဗဟိုချက်ဒေသတွေမှာပဲ ဖြစ်ပွားခဲ့တာပါ။ ဗြိတိန်ရဲ့ လွတ်လပ်တဲ့ကုန်သွယ်ရေးကို သဘောတူလက်ခံခဲ့တာနဲ့၊ အနောက်ဥရောပနိုင်ငံတွေ အချင်းချင်းကြား သွင်းကုန်ဆိုင်ရာ ကန့်သတ်မှုတွေနဲ့ သွင်းကုန်စည်းကြပ်ခွန်တွေကို အပြန်အလှန်ပယ်ဖျက်ပြီး၊ နှစ်နိုင်ငံကြား လွတ်လပ်တဲ့ကုန်သွယ်ရေး သဘောတူညီချက် FTAs တွေကို အတွဲလိုက် ချုပ်ဆိုခဲ့တာမျိုးတွေ ပါဝင်ပါတယ်။ ဒါပေမဲ့ ပျံ့နှံ့မှုအများစုကတော့ အရင်းရှင်စနစ်ရဲ့ အစွန်အဖျား နေရာတွေဖြစ်တဲ့ လက်တင်အမေရိကနဲ့ အာရှတိုက်တို့မှာ ဖြစ်ပေါ်ခဲ့တာပါ။

ဒီရလဒ်ကလည်း သင့်အနေနဲ့ သာမန်အားဖြင့် လွတ်လပ်သော(Free) ဆိုတဲ့ စကားလုံးနဲ့ မဆက်စပ်မိစေမဲ့ အခြေအနေကနေ ဖြစ်ခဲ့တာပါ။ ဖိအားပေးမှု (Force) သို့မဟုတ် အနည်းဆုံးတော့ ဖိအားပေးခံရမယ်ဆိုတဲ့ ခြိမ်းခြောက်မှုကနေ ဒီရလဒ်က ဖြစ်ပေါ်ခဲ့တာပဲ ဖြစ်ပါတယ်။ ကိုလိုနီ ပြုကျင့်ခြင်းက အမှန်တကယ် မလွတ်လပ်တဲ့ လွတ်လပ်တဲ့ကုန်သွယ်ရေး (Unfree Free Trade) အတွက် သိသာတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ကိုလိုနီပြုကျင့်မခံရတဲ့ နိုင်ငံတွေတောင်မှ လွတ်လပ်တဲ့ကုန်သွယ်ရေးကို ကျင့်သုံးဖို့ ဖိအားပေးခံခဲ့ရတာပါ။ ဒီနိုင်ငံတွေအနေနဲ့ လက်နက်နဲ့ ခြိမ်းခြောက်တဲ့ သံခင်းတမန်ခင်း (Gunboat Diplomacy) ကနေပြီး၊ မညီမျှတဲ့ ကုန်သွယ်ရေးစာချုပ်တွေမှာ လက်မှတ်ထိုးဖို့ ဖိအားပေးခံခဲ့ရပါတယ်။ အဲ့ဒီ သဘောတူစာချုပ်တွေမှာ၊ တခြားကိစ္စတွေ ထည့်မပြောသေးရင်တောင်၊ ကိုယ်ပိုင် သွင်းကုန်စည်းကြပ်ခွန် သတ်မှတ်ခွင့်ဖြစ်တဲ့ သွင်းကုန် စည်းကြပ်ခွန်နှုန်းထား လွတ်လပ်မှု (Tariff Autonomy)က ကင်းမဲ့ခဲ့ပါတယ်။ သူတို့အနေနဲ့ နိမ့်ကျတဲ့ သွင်းကုန် စည်းကြပ်ခွန်နှုန်းဖြစ်တဲ့ ၃-၅ ရာခိုင်နှုန်းကိုပဲ တပြေးညီတည်း သတ်မှတ်ဖို့ ခွင့်ပြုခံခဲ့ရတာပါ။ ဒီနှုန်းက အစိုးရ

Copyright © 2025. Economic Education Program, Inya Economics.

အတွက် အခွန်ဘဏ္ဍာ အနည်းငယ်စုမိရုံလောက်ပဲ ဖြစ်ပြီး၊ မွေးကင်းစလုပ်ငန်းတွေကို ကာကွယ်ဖို့အတွက်တော့ မလုံလောက်ခဲ့ပါဘူး။

နာမည်အဆိုးဆုံး မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်ကတော့ နန်ကင်းကုန်သွယ်မှု သဘောတူစာချုပ်ပဲ ဖြစ်ပါတယ်။ အဲ့ဒီစာချုပ်က ဘိန်းစစ်ပွဲရှုံးတာရဲ့ နောက်ဆက်တွဲအနေနဲ့ ၁၈၄၂ ခုနှစ်မှာ တရုတ်ပြည်က လက်မှတ်ထိုးဖို့ ဖိအားပေးခံခဲ့ရတဲ့ စာချုပ်ပါ။ ဒါပေမဲ့ မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေက လက်တင်အမေရိကနိုင်ငံတွေနဲ့ စတင်ခဲ့တာဖြစ်ပြီး၊ သူတို့ လွတ်လပ်ရေးရပြီးတဲ့ ၁၈၁၀ နဲ့ ၁၈၂၀ ခုနှစ်တွေမှာ စခဲ့တာပါ။ ၁၈၂၀ နဲ့ ၁၈၅၀ ခုနှစ်တွေကြားမှာ တခြားနိုင်ငံ တသီတန်းကြီးလည်း အဲ့လိုစာချုပ်မျိုးတွေကို ချုပ်ဖို့ ဖိအားပေးခံခဲ့ရပါတယ်။ တူရကီရဲ့ ရှေ့ကဖြစ်တဲ့ အော်တိုမန်အင်ပိုင်ယာ၊ ဒီနေ့ခေတ် အီရန်ဖြစ်တဲ့ ပါရှား၊ ဒီနေ့ခေတ် ထိုင်းနိုင်ငံဖြစ်တဲ့ ဆိုင်ယမ်နဲ့ နောက်ဆုံး ဂျပန်တောင်မှ ဒီထဲမှာပါခဲ့တာပါ။ လက်တင်အမေရိက နိုင်ငံတွေရဲ့ မညီမျှတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေက ၁၈၇၀နဲ့ ၁၈၈၀ ခုနှစ်တွေမှာ သက်တမ်း ကုန်ဆုံးခဲ့ကြပါတယ်။ ဒါပေမဲ့ အာရှဘက်က စာချုပ်တွေကတော့ ၂၀ ရာစုအထိကို ကြာမြင့်ခဲ့တာပါ။

တိုက်ရိုက်ကိုလိုနီ ပြုကျင့်ခံရမှုကြောင့် ဖြစ်စေ၊ မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေကြောင့် ဖြစ်စေ၊ သူတို့ရဲ့ မွေးကင်းစလုပ်ငန်းတွေကို ကာကွယ်ဖို့နဲ့ မြှင့်တင်ဖို့ မစွမ်းဆောင်နိုင်ခဲ့တာက၊ အဲ့ကာလက အာရှနဲ့ လက်တင်အမေရိနိုင်ငံတွေရဲ့ စီးပွားရေးအရ ခေတ်နောက်ပြန်ဆွဲမှုအတွက်၊ အလွန်တရာကြီးမားတဲ့ အကြောင်း အခြင်းအရာ တစ်ရပ်ဖြစ်ခဲ့ပါတယ်။ အဲ့ကာလမှာ သူတို့အနေနဲ့ တဦးချင်းဝင်ငွေ တိုးတတ်မှုအနေနဲ့ အနှုတ် လက္ခဏာဆောင်တဲ့ တစ်နှစ်ကို -၀.၁ နဲ့ -၀.၀၄ ရာခိုင်နှုန်း အသီးသီးအထိကို ကျဆင်းခဲ့ရတာပါ။

## ၁၈၇၀-၁၉၁၃ ပြည့်နှစ်၊ မွန်းတည့်ကာလ

### အရှိန်ပိုမြင့်လာသော အရင်းရှင်စနစ်နှင့် အလုံးအရင်း ကုန်ထုတ်လုပ်မှု (mass production) ဦးမော့လာခြင်း

၁၈၇၀ ဝန်းကျင် တဝိုက် အရင်းရှင်စနစ် ဖွံ့ဖြိုးလာမှုက အရှိန်ပိုမြင့်လာခဲ့ပါတယ်။ အစုလိုက် အပြုံလိုက်သော နည်းပညာဆိုင်ရာ တီထွင်မှုအသစ်တွေလည်း ၁၈၆၀နဲ့ ၁၉၁၀ ခုနှစ်တွေကြားမှာ ထွက်ပေါ်လာခဲ့ပြီး ရလဒ်ကတော့ အကြီးစား ဓာတုလုပ်ငန်းဆိုတာတွေ တိုးတက်လာခဲ့တာပါ။ လျှပ်စစ်စက်ယန္တရား၊ အတွင်းပိုင်း အပူစွမ်းအင်နဲ့ မောင်းနှင်တဲ့ အင်ဂျင် (Internal Combustion Engines)၊ လူလုပ်ဆိုးဆေး၊ ဓာတ်မြေသြဇာ၊ စသည်ဖြင့် ပါဝင် ပါတယ်။ စက်မှုတော်လှန်ရေးတုန်းက နည်းပညာတွေနဲ့ မတူတာလည်း ရှိပါတယ်။ အဲ့ခေတ်တုန်းက နည်းပညာ သစ်တွေ ဆိုတာက အာရုံသိစိတ်ကောင်းတဲ့ လက်တွေ့သမား တီထွင်သူတွေရှိက ပေါ်ထွက်ခဲ့တာမျိုးပါ။ အခုပြော မယ့် ကာလမှာ ပေါ်လာတဲ့ နည်းပညာအသစ်တွေကျတော့၊ သိပ္ပံနည်းကျ သဘောတရားနဲ့ အင်ဂျင်နီယာရပ်က သဘောတရားတွေကို စနစ်တကျ အသုံးချမှုကနေ ထုတ်လုပ်တာမျိုး ဖြစ်သွားပါပြီ။ သဘောကတော့ တခုခုကို

Copyright © 2025. Economic Education Program, Inya Economics.

တီထွင်လိုက်ပြီဆိုတာနဲ့ အဲ့ဒါကို ပုံတူပွားတာ၊ တိုးတတ်အောင်လုပ်တာကို အလျှင်အမြန်ပဲ လုပ်လာနိုင်ပြီ ဆိုတာပါ။

ဒါ့အပြင် ကုန်ထုတ်လုပ်ရေးဖြစ်စဉ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ(Organization) ကိုလည်း လုပ်ငန်း အများစုမှာ လုံးဝဥဿုံကို ပြောင်းလဲပစ်ခဲ့ပါတယ်။ အလုံးအရင်း ကုန်ထုတ်လုပ်တဲ့စနစ် (Mass Production System) ကို တီထွင်ပြီး ပြောင်းပစ်ခဲ့တာပါ။ ရွေ့လျားနေတဲ့ စက်တပ်ဆင်ရေးလမ်းကြောင်း (ရွေ့လျား စက်ခါးပတ်)နဲ့ နေရာချင်း ဖလှယ်လို့ရတဲ့ အစိတ်အပိုင်းတွေကို အသုံးပြုလာတာကလည်း ကုန်ထုတ်လုပ်မှုစရိတ်ကို သိသိသာသာ လျော့ချပေးခဲ့ပါတယ်။ ၁၉၈၀ ခုနှစ်တွေလောက်ကစလို့ သူ့ရဲ့ ကျရှုံးခန်းဆိုပြီး မကြာခဏ ပြောကြတာတွေ ရှိနေရင်တောင် ဒီစနစ်က အပြည့်အဝ မဟုတ်သည့်တိုင် ဒီဘက်ခေတ် ကုန်ထုတ်လုပ်ရေးစနစ်ရဲ့ ကျောရိုးအဖြစ် ရှိနေပါသေးတယ်။

## ***တိုးတက်လာတဲ့ ကုန်ထုတ်လုပ်မှု ပမာဏ၊ အန္တရာယ်နဲ့ မတည်ငြိမ်မှုတွေကို ကိုင်တွယ်ဖို့ စီးပွားရေးဆိုင်ရာ အင်စတီကျူးရှင်း အသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။***

အရင်းရှင်စနစ်က သူ့ရဲ့ မွန်းတည့်ချိန်ကာလ ဒီနေ့ခေတ် သူ့မှာရှိတဲ့ အခြေခံ အင်စတီကျူးရှင်း ပုံသဏ္ဍာန်တွေကို ရရှိခဲ့ပါတယ်။ အကန့်အသတ်နဲ့သာ ပေးချေရန် တာဝန်ရှိသော ကုမ္ပဏီ၊ လူမွဲခံယူမှုဥပဒေ၊ ဗဟိုဘဏ်၊ လူမှုဖူလုံရေးနိုင်ငံတော်၊ အလုပ်သမားဥပဒေ၊ စသည်ဖြင့်ပါ။ ဒီလိုမျိုး အင်စတီကျူးရှင်းဆိုင်ရာ အရွေ့တွေ အခြေခံကျကျဖြစ်လာတာကလည်း နောက်ကွယ်က နည်းပညာနဲ့ နိုင်ငံရေး အပြောင်းအလဲတွေကြောင့် ဖြစ်ပါတယ်။ အကြီးစား ရင်းနှီးမြှုပ်နှံမှုတွေ ပိုပိုပြီး လိုလာတဲ့အတွက် အဲ့အချိန်အထိ အခွင့်ထူးခံလုပ်ငန်းတွေ အတွက်လောက်ပဲ ထားထားခဲ့တဲ့၊ အကန့်အသတ်သာ ပေးချေရန် တာဝန်ရှိသော ကုမ္ပဏီဆိုတာကို အများသုံးဖြစ်အောင် လုပ်ခဲ့ပါတယ်။ ဆိုလိုတာက တစုံတရာသော အနိမ့်ဆုံး အခြေအနေတွေ ပြည့်မီရင် ဘယ်လုပ်ငန်းကိုမဆို လုပ်ခွင့်ပြုပေးလာတာမျိုးပါ။

မကြံ့စဖူး ပမာဏနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရလာတဲ့အခါမှာတော့ အကန့်အသတ်နဲ့သာ ပေးချေရန်ရှိတဲ့ ကုမ္ပဏီတွေက အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတတ်မှုအတွက် စွမ်းအားအရှိဆုံးသော ယာဉ်ရထားတစ်ခု ဖြစ်လာခဲ့ ပါတယ်။ ကားလ်မက်စ်အနေနဲ့ ဒီလိုမျိုး ကုမ္ပဏီတွေရဲ့ ကြီးမားတဲ့ အလားအလာကို၊ ကိုယ့်ဘာသာကိုယ်ခန့်ထားတဲ့ အရင်းရှင်စနစ်ရဲ့ ကြွေးကြော်အားပေးသူတွေ မပြောခင်ထဲက ရိပ်စားမိခဲ့ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး ကုမ္ပဏီတွေက အရင်းရှင်စနစ် ကုန်ထုတ်လုပ်မှုရဲ့ အမြင့်ဆုံးဖွံ့ဖြိုးမှုပဲလို့ သမုတ်ခဲ့တာပါ။

Copyright © 2025. Economic Education Program, Inya Economics.

ဖြိုတိန်ရဲ့ ၁၈၄၉ ခုနှစ် ပြုပြင်ပြောင်းလဲရေး မတိုင်ခင်မှာ လူမွဲခံယူခြင်းဥပဒေအနေနဲ့ လူမွဲအဖြစ်ခံယူမယ့် စီးပွားရေးသမားတွေကို ပစ်မှတ်ထားပြီး အပြစ်ပေးခဲ့ပါတယ်။ အဆိုးဆုံး အဖြစ်အပျက်တွေမှာဆို အကြွေးယူထားသူတွေကို အကျဉ်းထောင်ထဲ ပို့တဲ့အထိပါပဲ။ ၁၉ ရာစုရဲ့ ဒုတိယပိုင်းလောက်မှာ မိတ်ဆက်ခဲ့တဲ့ လူမွဲခံယူခြင်း ဥပဒေအသစ်တွေမှာတော့ ကျရှုံးဖူးတဲ့ စီးပွားရေးသမားတွေကို ဒုတိယအခွင့်အရေးဆိုတာမျိုး ပေးလာပါတယ်။ ဒီလို စီးပွားရေးသမားတွေ အနေနဲ့ သူတို့ရဲ့ လုပ်ငန်းတွေကို ပြန်ပြီး စုဖွဲ့နေတဲ့အချိန်မှာ ကြွေးရှင်တွေကို အတိုးမပေးရတာမျိုး၊ သူတို့ရဲ့ အကြွေးတွေထဲက တစိတ်တပိုင်းကို ပယ်ဖျက်ပေးဖို့ ကြွေးရှင်တွေကို ဖိအားပေးတာမျိုးတွေကို ခွင့်ပြုပေးလာတာပါ။ စီးပွားရေးသမားတစ်ယောက် ဖြစ်ရတာက ပိုပြီး အန္တရာယ် နည်းလာခဲ့တဲ့ သဘောပါပဲ။

အရွယ်အစား ပိုကြီးလာတဲ့ ကုမ္ပဏီတွေနဲ့အတူ အရွယ်အစားပိုကြီးတဲ့ ဘဏ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ အဲ့အချိန်တုန်းက ဘဏ်တစ်ခု ကျရှုံးတာရဲ့ အန္တရာယ်က အလွန်မြင့်မားခဲ့ပြီး၊ ဘဏ္ဍာရေးကဏ္ဍ တစ်ခုလုံးကို မတည်မငြိမ် ဖြစ်စေခဲ့ပါတယ်။ ဒါကြောင့်ပဲ အဲ့လိုမျိုး ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ငွေချေးသူတွေရဲ့ နောက်ဆုံးအားထားရာ အဖြစ်နဲ့ ဗဟိုဘဏ်တွေကို တည်ထောင် လာခဲ့ကြတာပါ။ ဒီလိုတည်ထောင်တာကိုတော့ ၁၈၄၄ ခုနှစ် အင်္ဂလန်ဗဟိုဘဏ်ကနေ အစပြုခဲ့ပါတယ်။

အလုပ်သမားလူတန်းစားရဲ့ အခြေအနေနဲ့ ဆက်စပ်လို့ ပိုပိုတိုးလာတဲ့ ဆိုရှယ်လစ်တွေရဲ့ စည်းရုံးလှုံ့ဆော်မှုနဲ့ ပြုပြင်ပြောင်းလဲရေးသမားတွေရဲ့ ဖိအားတွေကြောင့်၊ လူမှုဖူလုံရေးနဲ့ အလုပ်သမား ဥပဒေ တထွေကြီးကို ၁၈၇၀ ခုနှစ်တွေကစပြီး အကောင်အထည် ဖော်လာခဲ့ပါတယ်။ စက်မှုလုပ်ငန်းခွင် မတော်တဆမှုအာမခံ၊ ကျန်းမာရေးအာမခံ၊ သက်ကြီးရွယ်အိုပင်စင်နဲ့ အလုပ်လက်မဲ့အာမခံ၊ စတာတွေကိုပါ။ နိုင်ငံအများစုမှာလည်း ယေဘူယျအားဖြင့် ဆယ်နှစ်ကနေ ဆယ့်နှစ်နှစ်အောက်ရှိတဲ့ ငယ်ရွယ်တဲ့ ကလေးတွေကို အလုပ်ခန့်တာမျိုး ပိတ်ပင်ခဲ့ပြီး၊ အသက်ပိုကြီးတဲ့ ကလေးတွေ အတွက်လည်း အလုပ်ချိန်ကို ကန့်သတ်ခဲ့ပါတယ်။ အစပိုင်းမှာ တရက် ၁၂ နာရီ အထိပဲ လုပ်ဖို့ ကန့်သတ်ခဲ့တာပါ။ ဒီနိုင်ငံတွေကပဲ အမျိုးသမီးတွေရဲ့ လုပ်ငန်းခွင် အခြေအနေ၊ အလုပ်ချိန်တို့နဲ့ ပတ်သက်ပြီးတော့ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ခဲ့ပါတယ်။ ကံဆိုးတာကတော့ ဒီအပြောင်းအလဲတွေက အမျိုးသမီးတွေကို ညှာတာထောက်ထားမှုကနေ ပေါ်ထွက်ခဲ့တာတော့ မဟုတ်ပါဘူး။ သူတို့အပေါ် အထင်သေးတာကနေ ပေါ်ထွက်လာခဲ့တဲ့ အရာတွေပဲ ဖြစ်ပါတယ်။ အဲ့တုန်းက လက်ခံယုံကြည်ခဲ့ကြတာက၊ အမျိုးသားတွေလို မဟုတ်ပဲ အမျိုးသမီးတွေက စိတ်ပိုင်းဆိုင်ရာ စွမ်းရည်ချို့တဲ့ပြီး၊ ဒါ့ကြောင့်ပဲ သူတို့အနေနဲ့ ကိုယ့်အတွက် အကျိုးမရှိတဲ့ အလုပ်သမားစာချုပ်ကို လက်မှတ်ရေးထိုး လိုက်မိနိုင်တယ်၊ အဲ့တာကြောင့် အမျိုးသမီးတွေကို ကိုယ့်ကိုယ်ကို အန္တရာယ်ပေးတာကနေ ကာကွယ်ပေးဖို့ လိုအပ်တယ်ဆိုပြီးတော့ပါ။ အဲ့လို လူမှုဖူလုံရေးနဲ့ အလုပ်သမားဥပဒေတွေက အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံး အစပ်ပိုင်းတွေ

Copyright © 2025. Economic Education Program, Inya Economics.

ကို ဖယ်ရှားပေးခဲ့ပြီး၊ ဆင်းရဲသားတွေရဲ့ ဘဝကို အများကြီး ပိုကောင်းစေခဲ့ပါတယ်။ ကနဦးမှာတော့ အပြောင်းအလဲက အနည်းငယ်လေးပဲ ဆိုရင်တောင်မှပါ။

အဲ့လိုမျိုး အင်စတီးကျူးရှင်းဆိုင်ရာ အပြောင်းအလဲတွေက စီးပွားရေးတိုးတက်မှုကို အထောက်အကူ ပြုခဲ့ပါတယ်။ အကန့်အသတ်နဲ့ပဲ ပေးချေရန်ရှိသောဆိုတာနဲ့ ကြွေးယူသူတွေကို အန္တရာယ် သိပ်မပြုတဲ့ လူမွဲခံယူခြင်း ဥပဒေတွေက စီးပွားရေးလုပ်ရင် ကြုံရတဲ့ အရဲစွန့်ရမှုတွေကို လျော့ချပေးခဲ့ပါတယ်။ အဲ့တာကပဲ ဓနဥစ္စာဖန်တီးဖို့ကို တဖန်ပြန်ပြီး အားပေးအားမြှောက် ပြုခဲ့ပြန်တာပါ။ တဖက်က ဗဟိုဘဏ်လုပ်ငန်းနဲ့ တခြားတဖက်က အလုပ်သမားနဲ့ လူမှုဖူလုံရေး ဥပဒေတွေကလည်း စီးပွားရေး တိုးတက်ဖို့ အထောက်အကူ ပြုခဲ့ပါတယ်။ ဒီအရာတွေက စီးပွားရေးနဲ့ နိုင်ငံရေး တည်ငြိမ်မှုကို မြှင့်တင်ပေးခဲ့ပြီး၊ အဲ့ကနေပဲ ရင်းနှီးမြှုပ်နှံမှုကို တိုးတက်စေခဲ့တာပါ။ အဲ့ကနေမှ စီးပွားရေး တိုးတတ်မှုက နောက်ကလိုက်လာခဲ့တဲ့ သဘောပါပဲ။ အနောက်ဥရောပရဲ့ တဦးချင်းဝင်ငွေ တိုးတတ်မှုနှုန်းက ယခုညွှန်းဆိုတဲ့ အရင်းရှင်စနစ်ရဲ့ မွန်းတည့်ကာလဝယ် အရှိန်မြှင့်တတ်လာခဲ့ပါတယ်။ ၁၈၂၀ - ၁၈၇၀ ခုနှစ်ကာလအတွင်း ၁ ရာခိုင်နှုန်းရှိတာကနေ ၁၈၇၀-၁၉၁၃ ကာလမှာ ၁.၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့တာပါ။

## လစ်ဘရယ်တွေရဲ့ ရွှေခေတ်က ဘယ်လိုကြောင့် ထင်သလောက် လစ်ဘရယ်မဖြစ်ခဲ့တာလဲ

အရင်းရှင်စနစ်ရဲ့ မွန်းတည့်ကာလကို တစ်ခါတစ်ရံ ဂလိုဘယ်လိုက်ဇေးရှင်း ပထမခေတ်အဖြစ် ဖော်ပြတတ်ကြပါတယ်။ ဆိုလိုတာက ကမ္ဘာ့စီးပွားရေးတခုလုံး ပထမဆုံးအကြိမ်အဖြစ် ကုန်ထုတ်လုပ်ရေးနဲ့ ဖလှယ်ရေးမှာ စနစ်တစ်ခုတည်းအဖြစ် ပေါင်းစည်းလာတာကို ရည်ညွှန်းချင် ကြတာပါ။ မျက်မှောက်ရေးရာကို သုံးသပ်လေ့လာသူတွေကတော့၊ ဒီရလဒ်အတွက် အဆိုပါကာလမှာ ကျင့်သုံးခဲ့တဲ့ လစ်ဘရယ်စီးပွားရေး မူဝါဒတွေက အဓိကကျတယ်လို့ မှတ်ယူတတ် ကြပါတယ်။ ကုန်စည်၊ အရင်းနဲ့ လူတွေရဲ့ နယ်စပ်ဖြတ်ကျော် ရွှေ့လျားမှုတွေအပေါ် မူဝါဒရေးရာအရ ကန့်သတ်မှုအနည်းငယ်ပဲ ရှိခဲ့တဲ့ ကာလဆိုပြီးတော့ပါ။ နိုင်ငံတကာ မျက်နှာစာမှာ ဆောင်ရွက်ခဲ့တဲ့ အဲ့ဒီလစ်ဘရယ်ဝါဒနဲ့ ယှဉ်တွဲပြီးလာတာက ပြည်တွင်းက စီးပွားရေး မူဝါဒမှာဆို လွတ်လပ်တဲ့ စီးပွားရေးဆိုင်ရာချဉ်းကပ်ပုံ (Laissez-faire approach) ပါ။ စီးပွားရေးလုပ်ငန်းတွေအတွက် အမြင့်ဆုံး လွတ်လပ်မှုကို ခွင့်ပြုပေးခြင်း၊ ဘက်မျှတဲ့ ဘက်ဂျက်ကိုပဲ ရအောင်အားထုတ်ခြင်း (ဆိုလိုတာက အစိုးရ အသုံးစရိတ်က သူကောက်ခံတဲ့ အခွန်နဲ့ တတ်နိုင်သမျှ အတိအကျတူတာကို ပြောချင်တာပါ)နဲ့ ရွှေပေါင်ချိန်စနစ်ကို ကျင့်သုံးတာတို့က ဒီမူဝါဒမှာ အဓိကပါဝင်တဲ့ အကြောင်းအရာတွေလို့ သူတို့က ပြောတတ်ကြပါတယ်။ ဒါပေမဲ့လည်း ဖြစ်ရပ်တွေကတော့ ပိုပြီးတော့ ရှုပ်ထွေးခဲ့ပါတယ်။

၁၈၇၀-၁၉၁၃ ပြည့်နှစ် အပိုင်းအခြားအတွင်း ကမ္ဘာလုံးဆိုင်ရာ လစ်ဘရယ်ဝါဒကို နိုင်ငံတကာ မျက်နှာစာမှာ တကယ်တမ်းတော့ မတွေ့ခဲ့ရပါဘူး။ အရင်းရှင်စနစ်ရဲ့ ဗဟိုချက်မဒေသဖြစ်တဲ့ အနောက်ဥရောပနဲ့ အမေရိကန်တို့မှာ ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်ပေးရေးဝါဒက တကယ်တမ်းတော့ တိုးပွားနေခဲ့တာပါ။ လျော့ကျနေခဲ့တာ မဟုတ်ပါဘူး။

အမေရိကန်ဆိုရင် ၁၈၆၅ ခုနှစ် ပြည်တွင်းစစ် အဆုံးသတ်ပြီး နောက်ပိုင်းမှာ၊ အရင်ကထက် ပိုပြီးတောင် ကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးသမား (Protectionist) ဖြစ်လာခဲ့တာပါ။ ၁၈၆၀နဲ့ ၁၈၇၀ ခုနှစ်တွေမှာ FTAs ထိုးထားတဲ့ အနောက်ဥရောပနိုင်ငံ အများစုကလည်း အဲ့ဒီကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်တွေကို ပြန်ပြီး သက်တမ်းမတိုးခဲ့ဘဲ၊ နောက်ကျမှ တဖြည်းဖြည်းချင်းပြန်ပြီး သွင်းကုန်စည်းကြပ်ခွန်တွေကို တိုးမြှင့်ခဲ့ပါတယ် (အဲ့ဒီစာချုပ်တွေက ပုံမှန်အားဖြင့် နှစ်နှစ်ဆယ် သက်တမ်း ရှိပါတယ်)။ ဒီအခြင်းအရာက တစ်စိတ်တစ်ပိုင်း စိုက်ပျိုးရေးကဏ္ဍကို ကာကွယ်ဖို့ဖြစ်ပြီး၊ အဲ့အချိန်က ကမ္ဘာသစ်(အထူးသဖြင့် အမေရိကန်၊ အာဂျင်တီးနား)နဲ့ အရှေ့ဥရောပ(ရုရှား၊ ယူကရိန်း) တို့ကလာတဲ့ ဈေးပေါတဲ့ သွင်းကုန်အသစ်တွေကြောင့် ဒီကဏ္ဍက ရုန်းကန်နေခဲ့ရတာပါ။ နောက်ထပ် အကြောင်းအရင်းကတော့ အကြီးစားဓာတုစက်မှု လုပ်ငန်းတွေကို ကာကွယ်မြှင့်တင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဂျာမနီနဲ့ ဆွီဒင်တို့က ဒီကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးဝါဒရဲ့ အကောင်းဆုံးဥပမာတွေ ဖြစ်ပြီး၊ ဂျာမနီမှာဆိုရင် 'သံနဲ့ ရိုင်းစပါးရဲ့ထိမ်းမြားမှု'အဖြစ် ဥပမာပေးတာက ကျော်ကြားပါတယ်။

၁၈၇၀ နဲ့ ၁၈၉၀ ခုနှစ်တွေမှာ လွတ်လပ်ရေးရပြီးထဲက ချုပ်ဆိုခဲ့တဲ့၊ မမျှတတဲ့ ကုန်သွယ်ရေး သဘောတူစာချုပ်တွေ သက်တမ်းကုန်သွားတဲ့အခါ လက်တင်အမေရိကနိုင်ငံတွေက အတော်အသင့်မြင့်တဲ့ ကုန်သွယ်မှုကာကွယ်ရေးဆိုင်ရာ သွင်းကုန်စည်းကြပ်ခွန်တွေကို စတင်လာခဲ့ပါတယ် (၃၀ကနေ ၄၀ ရာခိုင်နှုန်းဝန်းကျင်ရှိတဲ့ နှုန်းထားတွေပါ)။ ဒါပေမဲ့လည်း တခြားအစွန်အဖျားနေရာတွေမှာတော့ ရှေ့မှာ ကျွန်တော်တို့ပြောခဲ့သလိုပဲ ဖိအားပေးပြီး အသက်သွင်းထားတဲ့ လွတ်လပ်စွာကုန်သွယ်ရေးက ဆက်ပြီး ပျံ့နှံ့ခဲ့ပါတယ်။ ဥရောပအင်အာကြီးနိုင်ငံတွေက အာဖရိကတိုက်ကို အလုအယက်တိုးဝှေ့ခဲ့ကြပြီး တိုက်ကြီးရဲ့ နေရာတွေအတွက် ပြိုင်ဆိုင်ခဲ့ကြပါတယ်။ တပြိုင်နက်တည်းမှာပဲ အာရှနိုင်ငံ အများစုကလည်း ကိုလိုနီအဖြစ် သိမ်းယူခံခဲ့ရတာပါ (မလေးရှား၊ စင်ကာပူ၊ မြန်မာတို့ကို ဗြိတိန်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ လာအိုတို့ကို ပြင်သစ်)။ ဗြိတိသျှအင်ပိုင်ယာဆို သူ့ရဲ့စက်မှုစွမ်းအား အားကိုးနဲ့ အဆမတန် ကျယ်ပြန့်လာခဲ့ပြီး၊ "ဗြိတိသျှအင်ပိုင်ယာမှာ ဘယ်တော့မှ နေမဝင်ဘူး" ဆိုတဲ့ ကျော်ကြားတဲ့ စကားပုံတစ်ခုတောင် ဖြစ်လာခဲ့ပါတယ်။ အဲ့ကာလအထိ ကိုလိုနီပြုကျင့်တဲ့ထဲမှာ မပါသေးတဲ့ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ အမေရိကန်နဲ့ ဂျပန်တို့လို နိုင်ငံတွေလည်း ပါဝင်လာခဲ့ပါတယ်။ ဒီကာလကို 'နယ်ချဲ့ဝါဒခေတ်'လို့ သိကြတာက အကြောင်းမဲ့တော့လည်း မဟုတ်ပါဘူး။

အဓိက အရင်းရှင်နိုင်ငံတွေရဲ့ ပြည်တွင်းမျက်နှာစာမှာဆိုလည်း အစိုးရရဲ့ ကြားဝင်မှုက လျော့မသွားဘဲ သိသိသာသာကို တိုးလာတာကို မြင်ရမှာပါ။ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ (မျှတတဲ့ဘက်ဂျက် အယူဝါဒ)နဲ့ ငွေကြေး

ဆိုင်ရာမူဝါဒ (ရွှေပေါင်ချိန်စနစ်)တို့နဲ့ ပတ်သက်ရင် လွတ်လပ်တဲ့ဈေးကွက် အယူဝါဒကို တကယ်တမ်းမှာလည်း ခိုင်မာတဲ့ ထောက်ခံမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီကာလမှာ အစိုးရရဲ့ အခန်းကဏ္ဍ အလွန်တရာကြီးမားလာတာကို မြင်တွေ့ခဲ့ရပါတယ်။ အလုပ်သမား စည်းမျဉ်း စည်းကမ်း၊ လူမှုဖူလုံရေး စီမံချက်၊ အများပြည်သူအတွက် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှု (အထူးသဖြင့် ရထားလမ်း၊ နောက် တူးမြောင်း)နဲ့ ပညာရေး(အထူးသဖြင့် အမေရိကန်၊ ဂျာမနီ)တို့မှာပါ။

ဒါ့ကြောင့် ၁၈၇၀-၁၉၁၃ ကာလရဲ့ လစ်ဘရယ်ရွှေခေတ်က ကျွန်တော်တို့ ထင်သလောက် လစ်ဘရယ်ဖြစ်တာ တော့လည်း မဟုတ်ပါဘူး။ အဓိက အရင်းရှင်နိုင်ငံတွေရဲ့ ပြည်တွင်းရော နိုင်ငံတကာနဲ့ပတ်သက်တဲ့ မူဝါဒတွေ ရောကို ကြည့်ရင်၊ သိပ်ပြီး လစ်ဘရယ်ဖြစ်ခဲ့တာ မဟုတ်တာကို တွေ့ရပါတယ်။ လစ်ဘရယ်ဖြစ်အောင် ပြုလုပ်ခြင်း (Liberalization) ကလည်း အဓိကအားဖြင့် အင်အားနည်းတဲ့ နိုင်ငံတွေမှာပဲ ဖြစ်ခဲ့တာပါ။ ဒါကလည်း သူတို့ရဲ့ ရွေးချယ်မှုကြောင့်ဆိုတာထက် ကိုလိုနီစနစ်နဲ့ မမျှတတဲ့ ကုန်သွယ်ရေးစာချုပ်တွေက နေလာတဲ့ မလုပ်ရင် မဖြစ်တဲ့ အခြေအနေ တွေကနေ ပေါ်ပေါက်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီကာလအတွင်း လျှင်မြန်တဲ့ စီးပွားရေးတိုးတတ် မှုကို ခံစားခဲ့ရတဲ့ တစ်ခုတည်းသော အစွန်အဖျားဒေသဖြစ်တဲ့ လက်တင်အမေရိကမှာတောင်၊ မမျှတတဲ့ ကုန်သွယ် ရေး သဘောတူစာချုပ်တွေ သက်တမ်းကုန်ပြီးနောက်ပိုင်း၊ ကုန်သွယ်မှုဆိုင်ရာ ကာကွယ်မှုဝါဒက အလွန်အမင်း ကြီးထွားခဲ့တာကို တွေ့နိုင်ပါတယ်။

### ‘လစ်ဘရယ်’၊ ကမ္ဘာမှာ အရှုပ်ထွေးအဝေဝါးဆုံး ဝေါဟာရပေလော?

စကားလုံးအနည်းလောက်ကပဲ ‘လစ်ဘရယ်’ ဆိုတဲ့ စကားလုံးထက် ပိုပြီး ရှုပ်ထွေးမှုတွေ ဖြစ်စေခဲ့ပါတယ်။ ဒီဝေါဟာရကို ၁၉ ရာစုအထိ တိတိကျကျ သုံးခဲ့ကြတာမရှိပေမယ့် လစ်ဘရယ် ဝါဒရဲ့ နောက်ကွယ်က အိုင်ဒီယာတွေကို သောမက်စ်ဟော့ဘ်နဲ့ ဂျွန်လော့ခ်လို တွေးခေါ်ရေးသမား တွေကစလို့ အနည်းဆုံး ၁၇ ရာစုလောက်အထိ ခြေရာကောက်ကြည့်လို့ ရနိုင်ပါတယ်။ ဒီဝေါဟာရနဲ့ ပတ်သက်လို့ ကျမ်းရိုးဟောင်းလာ ဘောဂဗေဒ အဓိပ္ပာယ်အဖြစ် တစ်သီးပုဂ္ဂလလွတ်လပ်မှုကို ဦးစားပေးတဲ့ သဘောထား အဖြစ် ဖော်ပြကြပါတယ်။ စီးပွားရေးဝေါဟာရ အနေနဲ့ဆိုရင်တော့ တစ်သီးပုဂ္ဂလ ရပိုင်ခွင့်အနေနဲ့ သူ့ရဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွေကို သူ့စိတ်ကြိုက်သုံးစွဲခွင့်လို့ အဓိပ္ပာယ် ရပါတယ်။ အထူးသဖြင့် ငွေရှာတာနဲ့ ပတ်သက်ပြီးတော့ပါ။ အဲ့ဒီအမြင်အရ စံပြအစိုးရဆိုတာသည် ခုနကလို ရပိုင်ခွင့်တွေကို ကျင့်သုံးနိုင်ဖို့ အထောက်အကူဖြစ်ရုံဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးလိုမျိုး အနိမ့်ဆုံးအခြေအနေကို ပံ့ပိုးပေးတဲ့ အစိုးရပဲ ဖြစ်ပါတယ်။ ဒီလို အစိုးရ(နိုင်ငံတော်)မျိုးကို ချုပ်ချယ်စွပ်ဖက်မှုနည်းသော အစိုးရ (Minimal State) အဖြစ် သိကြပါတယ်။ အဲ့ကာလက လစ်ဘရယ်တွေ ကြားထဲမှာ ကျော်ကြားတဲ့ ကြွေးကြော်သံ ကတော့ လွတ်လပ်မှု(အရာအားလုံး

Copyright © 2025. Economic Education Program, Inya Economics.

သူ့သဘောနဲ့သူ ဖြစ်စေခြင်း) (Laissez faire) ပဲ ဖြစ်ပြီး၊ အဲ့အတွက်ကြောင့်ပဲ လစ်ဘရယ်ဝါဒကို လွတ်လပ်သောအယူဝါဒ (Laissez faire Doctrine) အဖြစ်လည်း သိကြပါတယ်။

ဒီနေ့ခေတ်မှာတော့ လစ်ဘရယ်ဝါဒကို ဒီမိုကရေစီကို အားပေးတာနဲ့ ညီမျှခြင်း ချတတ်ကြပါတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု အပါအဝင် သူ့ရဲ့ တစ်သီးပုဂ္ဂလ နိုင်ငံရေးရပိုင်ခွင့်တွေကို အသားပေးတဲ့အပေါ် ထောက်ဆပြီးတော့ သတ်မှတ်ထားကြတာပါ။ ဒါပေမဲ့လည်း နှစ်ဆယ်ရာစု အလယ်ထိတော့ လစ်ဘရယ်အများစုက ဒီမိုကရက်တွေ မဟုတ်ခဲ့ကြပါဘူး။ သူတို့က ရှေးရိုးစွဲတွေရဲ့ အမြင်ဖြစ်တဲ့ သမာရိုးကျအစဉ်အလာ (Tradition) နဲ့ လူ့အဖွဲ့အစည်းအတွင်း အထက်အောက် ဖွဲ့စည်း တည်ဆောက်ပုံ (Social Hierarchy) တွေကို တစ်သီးပုဂ္ဂလရပိုင်ခွင့်တွေထက် ဦးစားပေးတာနဲ့ ပတ်သက်လို့ ငြင်းပယ်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း လူတိုင်းက အဲ့လိုရပိုင်ခွင့်တွေနဲ့ ထိုက်တန်တယ် လို့လည်း မယုံကြည်ခဲ့ကြပါဘူး။ သူတို့က အမျိုးသမီးတွေအနေနဲ့ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်ချို့တဲ့ တာကြောင့် မဲပေးပိုင်ခွင့်နဲ့ မထိုက်တန်ဘူးဆိုပြီး တွေးခဲ့ကြပါတယ်။ ဆင်းရဲသားတွေကို မဲပေးပိုင်ခွင့် မပြုသင့်ဘူးလို့လည်း အကြောက်အကန် ပြောခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲသားတွေ အနေနဲ့ သူတို့ရဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုတွေကို သိမ်းယူမယ့် နိုင်ငံရေးသမားတွေကိုပဲ မဲပေးကြမှာကြောင့် ဆိုပြီးတော့ပါ။ အဒမ်စမစ်က ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံခဲ့တာရှိပါတယ်။ အစိုးရဆိုတာက တကယ်တမ်းတော့ ချမ်းသာသူတွေကို ဆင်းရဲသားတွေရန်က (ဝါ) ပစ္စည်းဥစ္စာရှိတဲ့သူတွေကို မရှိတဲ့သူတွေရန်က ကာကွယ်ဖို့ ဖွဲ့စည်းထားတာ ဆိုပြီးတော့ပါ။

ဒီဟာကိုမှ ပိုပြီးရှုပ်ထွေးစေတာကတော့ အမေရိကန်မှာဆိုရင် လစ်ဘရယ်ဆိုတဲ့ ဝေါဟာရကို ဗဟိုလက်ဝဲအမြင်(Left-of-centre)ကို ဖော်ပြဖို့အတွက် သုံးကြတာပါ။ တက်ဒ်ကနေဒီ Ted Kennedy နဲ့ ပေါလ်ခရုမန်း Paul Krugman တို့လို အမေရိကန်လစ်ဘရယ်တွေကို ဥရောပမှာဆို ဆိုရှယ်ဒီမိုကရက်တွေလို့ ခေါ်ကြမှာပါ။ ဥရောပမှာတော့ ဒီဝေါဟာရကို German Free Democratic Party(FDP) ရဲ့ ထောက်ခံသူတွေအတွက် သုံးကြပြန်ပါတယ်။ ဒီလူတွေကိုပဲ အမေရိကန်မှာတော့ အစွမ်းကုန်လွတ်လပ်ရေးသမား (libertarians) ဆိုပြီး ခေါ်ကြအုံးမှာပါ။

ဒါပြီးရင် ၁၉၈၀ ခုနှစ်တွေထဲက ကြီးစိုးနေတဲ့ စီးပွားရေးအမြင်ဖြစ်တဲ့ နီယိုလစ်ဘရယ်ဝါဒဆိုတာ လာပါတယ်။ ဒီဝါဒက ကျမ်းရိုးလာလစ်ဘရယ်ဝါဒ (Classical Liberalism) နဲ့ အတော်လေး နီးစပ်ပေမဲ့ ချွတ်စွပ်တူတော့လည်း မဟုတ်ပြန်ပါဘူး။ ဘောဂဗေဒသဘောအရ ဆိုရင်တော့ သူလည်းပဲ ကျမ်းရိုးလာ ချုပ်ချယ်စွပ်ဖက်မှုနည်းသော နိုင်ငံတော် ဆိုတာကို အားပေးပေမဲ့ ချွင်းချက်အနည်းငယ်တော့ ရှိပါတယ်။ အရေးကြီးဆုံးကတော့ နီယိုလစ်ဘရယ်ဝါဒအနေနဲ့

Copyright © 2025. Economic Education Program, Inya Economics.

ဗဟိုဘဏ်က ငွေကြေးထုတ်ပြန်မှုအတွက် လက်ဝါးကြီး အုပ်ထားတာကို လက်ခံပေမဲ့၊ ကျမ်းရိုးလာ လစ်ဘရယ်သမားတွေကတော့ ငွေကြေးရိုက်နှိပ်တာနဲ့ ပတ်သက်ပြီးတော့လည်း ပြိုင်ဆိုင်မှုက ရှိသင့်တယ်ဆိုပြီးတော့ တွေးခဲ့ကြတာမျိုးပါ။ နိုင်ငံရေးဘက်မှာဆိုရင်တော့ နီယိုလစ်ဘရယ်သမား တွေက ဒီမိုကရေစီကို ပြောင်မဆန့်ကျင်ကြပေမဲ့ ကျမ်းရိုးလာ လစ်ဘရယ်သမားတွေကတော့ ဆန့်ကျင်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း နီယိုလစ်ဘရယ်သမားတွေထဲက အများစုကျပြန်တော့ ပုဂ္ဂလိကပိုင်ဆိုင်မှုနဲ့ လွတ်လပ်သောဈေးကွက်အလို့ငှာ ဒီမိုကရေစီကို အနစ်နာခံခိုင်းဖို့ ဆန္ဒရှိကြပြန်ပါတယ်။

နီယိုလစ်ဘရယ်ဝါဒကို ဝါရှင်တန်သဘောတူညီချက် (Washington Consensus) ဆိုပြီးတော့လည်း သိကြပါတယ်။ အထူးသဖြင့်တော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ။ ဒီလိုရည်ညွှန်းကြတာကတော့ ဒီဝါဒကို ဝါရှင်တန်ဒီစီမှာ အခြေစိုက်တဲ့ ကမ္ဘာမှာ စီးပွားရေးအရ အာဏာအရှိဆုံး အဖွဲ့အစည်းသုံးခုက ခိုင်ခိုင်မာမာ အားပေးထောက်ခံတာကြောင့်ပဲ ဖြစ်ပါတယ်။ ဒီအဖွဲ့တွေကတော့ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နဲ့ ကမ္ဘာ့ဘဏ်တို့ပဲ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**



**Ha-Joon Chang ၏ Economics: The User's Guide** စာအုပ်မှ **Chapter (3) How Have We Got Here? A Brief History of Capitalism** ကို ထုတ်နှုတ်ပြန်ဆိုထားခြင်း ဖြစ်သည်။

Copyright © 2025. Economic Education Program, Inya Economics.

**ဘောဂဗေဒစာပေ စာရေးဆရာ(လောင်း)အပေါင်းတို့ခင်ဗျာ**

တိုင်းပြည်တိုးတက်ရေးအတွက် ဘောဂဗေဒစာပေလိုအပ်တယ်ဆိုတာ ငြင်းမရပါဘူး။ ဘောဂဗေဒစာပေ အခိုင်အခံ့ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းကြိုးပမ်းလို့ ရတာ မဟုတ်လို့ ဘောဂဗေဒကို ချစ်မြတ်နိုးတဲ့ ဘောဂဗေဒစာပေ ရေးသားချင်သူများအနေနဲ့ စာမူများရေးသားပေးပို့နိုင်ပါတယ်ခင်ဗျာ။ မူရင်းစာရေးသူများရဲ့ အာဘော် မချွတ်ယွင်းစေဘဲ တည်းဖြတ်မှု အနည်းငယ် ရှိနိုင်ပြီး ဘောဂဗေဒပညာရေးနဲ့ ဘောဂဗေဒအတွေးအခေါ်ဝေဖန်ဆန်းစစ်ရေးကို အထောက်အကူပြုတဲ့ ဆောင်းပါး သို့မဟုတ် စာပေလက်ရာ တိုင်းကို ကျနော်တို့ ကြိုဆိုပါတယ်။

Thanhtunsoe.ie.mm@gmail.com ကို စာမူများ ရေးသားပေးပို့နိုင်ပါတယ်။

သန်းထွန်း

တာဝန်ခံ (ဘောဂဗေဒပညာရေးပရိုဂရမ်)

အင်းလျားဘောဂဗေဒအဖွဲ့

Copyright © 2025. Economic Education Program, Inya Economics. 